# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် သောကြာနေ့။ Friday, 5 May 2017 (၈၉၁၅)


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# အီတလီလွှတ်တော်၌ ကျင်းပသည့် နိုင်ငံတကာလွှတ်တော်အမတ်များညီလာခံသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြား





အီတလီလွှတ်တော်၌ ကျင်းပသည့် နိုင်ငံတကာလွှတ်တော်အမတ်များညီလာခံသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားစဉ်။

**ရောမ မေ ၄**

အီတလီနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗာတီကန်နန်းတော်၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပုပ်ရဟန်းမင်းကြီးတို့ တွေ့ဆုံမှုအပြီးတွင် မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် ကြေညာချက်ကို ထုတ်ပြန်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့ အတွင်းရေးမှူး ဘုန်းတော်ကြီး Pietro Parolin တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်တည်ထောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန်နံနက် ၁၁ နာရီခွဲတွင် ရောမမြို့ရှိ မြန်မာသံရုံး၌ သံအမတ်ကြီးနှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများ၊ ပညာတော်သင်များနှင့် အီတလီနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ပြည်သူ့ဝန်ထမ်းများအတွက် လိုအပ်သည့်ဘာသာရပ်များကိုသာ တိုးချဲ့သင်ကြားပေးလျက်ရှိ**

စာမျက်နှာ » ၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲတို့ တွေ့ဆုံဆွေးနွေးမှုအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲမှ ပြောကြား၊ ဖြေကြားချက်များ**

စာမျက်နှာ » ၆

**ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် ဖဲ ကော်ဗီ ဓာတ်အားခွဲရုံများ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောတို့တွင် တည်ဆောက်မည်**

စာမျက်နှာ » ၁၁




## ကြေးမုံ

# စီးပွားရေးဝန်းကျင်ကောင်းတည်ဆောက်

နိုင်ငံအတွင်း ငွေကြေးဈေးကွက် ခိုင်မာတည်ငြိမ်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ငွေကြေးဈေးကွက် ခိုင်မာတည်ငြိမ်ရန်အတွက် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းထားရန်လိုအပ်သည်။ ငွေကြေးဈေးကွက် ခိုင်မာတည်ငြိမ်လာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်တွဲ၍ စီးပွားရေးကောင်းမွန်လာမည်ဖြစ်သည်။

ငွေကြေးဖောင်းပွခြင်းသည် ဒေါ်လာငွေဈေးတက်ခြင်းနှင့် သက်ဆိုင်ပြီး ဒေါ်လာငွေဈေးတက်လျှင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းကိုဖြစ်စေသည်။ ဒေါ်လာငွေနှင့် မြန်မာကျပ်ငွေတန်ဖိုးမှာ ပြောင်းပြန်အချိုးကျသည့်သဘောဖြစ်သည်။ မြန်မာငွေကျဆင်းခြင်းသည် တစ်ဒေါ်လာငွေလဲနှုန်း မြင့်မားလာခြင်းဖြစ်သည်။ မြန်မာငွေတန်ဖိုး ကျဆင်းခြင်းမှာ သွင်းကုန်တန်ဖိုးကိုမြင့်မားသဖြင့် ကုန်ပစ္စည်းဈေးနှုန်းကြီးသော်လည်း ပြည်တွင်းသုံးဝင်ငွေမှာ များလာသည်။

ထို့ကြောင့် နိုင်ငံခြားငွေတန်ဖိုးမြင့်တက်ခြင်းသည် ကောင်းခြင်း၊ မကောင်းခြင်း နှစ်မျိုးဖြစ်စေသည်။ အမှန်တကယ်တွင် ငွေကြေးဖောင်းပွမှုများများစားစားမဖြစ်ဘဲ ငွေကြေးဈေးကွက် ခိုင်မာတည်ငြိမ်နေခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ငွေကြေးဖောင်းပွလျှင် ကုန်ဈေးနှုန်းတက်ပြီး လူတစ်ဦးချင်းဝင်ငွေကို ထိခိုက်စေသည်။ ဥပမာ လွန်ခဲ့သော နှစ် ၂၀ ကျော်က ဆန်တစ်ပြည်၏တန်ဖိုးမှာ ကျပ်ဂဏန်းသာရှိပြီး ရာဂဏန်းသို့ပင် မရောက်ချေ။ ယခု ထောင်ဂဏန်းဖြစ်လာ၍ လုပ်ခလစာနှင့် လောက်ငစေရန်အတွက် လစာဝင်ငွေကို တိုးမြှင့်ပေးကြရသည်။ ဆယ်စုနှစ်အလိုက် ငွေကြေးတည်ငြိမ်နေပါက လစာဝင်ငွေကို တိုးပေးရန်မလိုဘဲ လူတစ်ဦး လုပ်ခလစာနှင့် ထိုက်သင့်သော လောက်ငဖူလုံမှုကို ဖြစ်စေသည်။

လွန်ခဲ့သောနှစ်များစွာက အစိုးရငွေလဲနှုန်းမှာ ခြောက်ကျပ်ကျော်သာရှိပြီးနောက် ယခုအခါပြင်ပပေါက်ဈေးဖြင့် ငွေလဲနှုန်း ကျပ်တစ်ထောင့်သုံးရာကျော်နေပြီ။ ကျပ်တစ်ထောင်အောက် ငွေလဲဈေးမှ ကျပ်တစ်ထောင်ကျော် တစ်စတစ်စမြင့်မားလာသည်။ ငွေကြေးတန်ဖိုးမြင့်မားမှုနှင့်အပြိုင် ကုန်ဈေးနှုန်းများမြင့်တက်လာပြီး ရွှေဈေးနှုန်းမှာ ကျပ်ဆယ်သိန်းနားအထိပင် ကပ်လာသည်။ ရောင်းရေးဝယ်တာမကောင်းသောအခါ စီးပွားရေးကျဆင်းမှု ဖြစ်စေသည်။

ငွေကြေးဖောင်းပွခြင်းသည် သွင်းကုန်မြင့်မားခြင်းနှင့် ဘတ်ဂျက်လိုငွေပြခြင်းတို့ကြောင့် ဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံအတွင်း မိုက်ခရိုစီးပွားရေးဝန်းကျင်ကောင်းဖြစ်ထွန်းအောင် တည်ဆောက်ကြရမည်။ ပြည်ပသွင်းကုန်လျှော့နည်းရေးအတွက် ပြည်တွင်း၌ နည်းပညာများ ထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ငွေကြေးတည်ငြိမ်ရေးတွင် အဓိကဖြစ်သော ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းရန်၊ တစ်နည်းဆိုသော် ဈေးနှုန်းများ တည်ငြိမ်စွာဖြင့် စီးပွားရေးတိုးတက်မှုဖြစ်ထွန်းစေရန် ငွေကြေးပမာဏအား ရည်မှန်းထားသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။ ဈေးကွက်အတွင်းမှ ပိုလျှံငွေများကို နုတ်သိမ်းနိုင်ခဲ့သည်။ အတိုးနှုန်း မူဝါဒချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ ငွေလဲနှုန်းမူဝါဒ သတ်မှတ်ဆောင်ရွက်ခြင်း၊ လွတ်လပ်သော ဈေးကွက်ဆိုင်ရာလုပ်ဆောင်မှုများကို နည်းလမ်းရှာဖွေဆောင်ရွက်ပေးနေခြင်းတို့မှာ ကောင်းမွန်သော လုပ်ဆောင်မှုများဟု ဆိုရမည်ဖြစ်သည်။

ဘတ်ဂျက်လိုငွေလျှော့ကျစေရန် အစိုးရငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့သည်။ ဘဏ်လုပ်ငန်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ပြီး ငွေကြေးအာမခံမှုနှင့် စီးဆင်းမှု လွယ်ကူအောင် ဆောင်ရွက်ပေးခဲ့သည်။ ငွေကြေးများကို ကိုင်တွယ်သုံးစွဲခြင်းအား လျှော့ချနိုင်ရန်အတွက် လစာငွေထုတ်ပေးရေးတွင် ကတ်စနစ်ဖြင့် ပံ့နှံ့နိုင်အောင် ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။

ငွေကြေးဖောင်းပွမှု၏ အဓိကလက္ခဏာဖြစ်သော နိုင်ငံခြားငွေကျဆင်းခြင်း၊ မြင့်တက်ခြင်းမှာ ခန့်မှန်းရခက်သော အခြေအနေဖြစ်ပြီး အကြောင်းအမျိုးမျိုးတို့ကြောင့် ငွေကြေးတန်ဖိုး မြင့်မားခြင်း၊ ကျဆင်းခြင်းဖြစ်ပေါ်နေသော်လည်း နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားကို ရှေးရှု၍ စီးပွားရေးအခက် မဖြစ်စေရန်အတွက် ငွေကြေးပိုင်းဆိုင်ရာနှင့် မိုက်ခရိုစီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

# နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေစွာ ဝင်ထွက်သွားလာနေထိုင်နိုင်ရေး ဆွေးနွေး



**နေပြည်တော် မေ ၄**

နိုင်ငံခြားသားများ ဥပဒေနှင့်အညီ တည်းခိုနေထိုင်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြည်ဝင်ဗီဇာစနစ်ကို ယခင်က ဗီဇာခြောက်မျိုးဖြင့် ခွင့်ပြုခဲ့ရာမှ ဗီဇာ ၁၂ မျိုး ပြင်ဆင်ခွင့်ပြုခဲ့ပြီး ပြည်ဝင်ဗီဇာ ၁၂ မျိုးအနက်မှ လုပ်ငန်းဗီဇာ၊ လူမှုရေးဗီဇာ၊ သာသနာရေးဗီဇာ၊ နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ၊ ပညာရေးဗီဇာနှင့် ယာဉ်အမှုထမ်းဗီဇာစသည့် ဗီဇာခြောက်မျိုးအား သုံးလ၊ ခြောက်လ၊ တစ်နှစ်နေခွင့် သက်တမ်းရှိ အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာများအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုင်း အိမ်နီးချင်း ငါးနိုင်ငံအနက် အိန္ဒိယနိုင်ငံမှလွဲ၍ ကျန်လေးနိုင်ငံနှင့် နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီး နယ်စပ်ဝင်၊ ထွက်ဂိတ်များ သတ်မှတ်ကာ နှစ်နိုင်ငံသားများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များဖြင့် ဖြတ်သန်းသွားလာခွင့်ပြုလျက်ရှိကြောင်း။

ထို့အပြင် တတိယနိုင်ငံသား၊ နိုင်ငံခြားသားများ နိုင်ငံကူးလက်မှတ် ပြည်ဝင် ဗီဇာဖြင့်လာရောက်သူများအား အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်မဟုတ်ပါက နိုင်ငံတော် သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ဝင်၊ ထွက် ခွင့်ပြုလျက်ရှိကြောင်း၊ ယင်းကဲ့သို့ လမ်းကြောင်း အမျိုးမျိုးဖြင့် ပြည်တွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားများ ရောက်ရှိတည်းခိုနေထိုင်ရာ၌ သတင်းပို့တိုင်ကြားမှု (Form C) နှင့် ပတ်သက်၍လည်း လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် Online/ Fax/ Phone တို့ဖြင့် သတင်းပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံခြားသားများ၏ ပြည်တွင်းနေထိုင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ လွယ်ကူစေရေးအတွက် ခေတ်အဆက်ဆက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပြီး လွယ်ကူအဆင်ပြေစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

နေခွင့် သက်တမ်းတိုးမြှင့်ခြင်းကိုလည်း သတ်မှတ်ဗီဇာ အမျိုးအစားအလိုက် သတ်မှတ်အခကြေးငွေပေးသွင်း၍ တစ်ကြိမ်၊ အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ပြုလျက်ရှိကြောင်း၊ နိုင်ငံအတွင်း ရောက်ရှိလာသူများနှင့် သက်တမ်းတိုးနေထိုင်သူများအနက် ပြည်ဝင်ဗီဇာ စည်းကမ်းဖောက်ဖျက်မှုများကိုလည်း တွေ့ရှိရပြီး ဗီဇာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နေထိုင်ခြင်းမရှိပါက မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး အက်ဥပဒေများအရ အရေးယူခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ ပြည်နှင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် ပြည်တွင်းသို့ နိုင်ငံခြားသားဝင်၊ ထွက်သွားလာနေထိုင်မှု တစ်နေ့တခြားများပြားလာရာ နိုင်ငံခြားသားများ သတ်မှတ်ဗီဇာအမျိုးအစားအလိုက် အဆင်ပြေလွယ်ကူစွာ ဝင်၊ ထွက် သွားလာနေထိုင်နိုင်စေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား တိကျစွာသတ်မှတ်ပေးရန် ပိုမိုအရေးကြီးလာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက နိုင်ငံခြားသားများဥပဒေနှင့်အညီ အဆင်ပြေလွယ်ကူစွာ တည်းခို နေထိုင်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြပါရန် တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က မြန်မာနိုင်ငံအတွင်း ဗီဇာအမျိုးမျိုးဖြင့် နိုင်ငံခြားသားများ ဝင်ရောက်မှုအခြေအနေနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဝန်ကြီးဌာနများတွင် ဗီဇာအမျိုးအစားအလိုက် နိုင်ငံခြားသားများ ဝင်ရောက်ခွင့်ပြုမှု အခြေအနေ၊ ဝင်၊ ထွက်သွားလာမှုနှင့် တည်းခိုနေထိုင်မှုဆိုင်ရာ သတ်မှတ်ဥပဒေများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိမှု ဥပဒေနှင့်အညီ အဆင်ပြေလွယ်ကူစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အကြံပြုချက်များကို အသီးသီး အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အကြံပြုတင်ပြချက်များအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံစိတ်ပညာအသင်းမှ ဟောပြောပွဲကျင်းပ

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံစိတ်ပညာအသင်းမှ နာယကတစ်ဦးဖြစ်သော ဆရာ ဦးအုန်းလှိုင် (Senior Psychologist)က အများစိတ်ဝင်စားနေသော "IQ" အကြောင်း၊ ယနေ့ခေတ် ရေပန်းစားနေသော "EQ"အကြောင်း၊ လူသိနည်းနေသေးသော "AQ"အကြောင်းများနှင့် ပင်ကိုစွမ်းရည်များကို မြှင့်တင်နိုင်ရေးသုတေသနများ အကြောင်းတို့ပါဝင်သော "ကျန်းမာကြံ့ခိုင်သန်စွမ်းဖို့ ပင်ကိုအရည်အသွေးများကို မြှင့်တင်စို့" ခေါင်းစဉ်ဖြင့် မေ ၂၀ ရက် နံနက် ၁၀ နာရီတွင် အမှတ် (၂၁) ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း ဖုန်း ၀၁ - ၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၀ တို့သို့ ကြိုတင်ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၄**

ရန်ကုန်(ရွှေဈေး) ၈၉၆၅၀၀ - ၈၉၆၅၀၀ မန္တလေး(ရွှေဈေး) ၈၉၆၅၀၀ - ၈၉၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၁၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၅ ကျပ်၊ | ၈၁၅/၈၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၂၀ ကျပ်၊ | ၇၅၀/၇၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၅ ကျပ်၊ | ၇၂၅/၇၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၃၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၅/၆၄၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၁၈/၆၂၉ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၅. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၁၅၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၂. ၉၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၁၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၀. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၅၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၅. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၉. ၄၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# ပြည်သူနှင့်အတူ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ Vincenzo Scotti တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီနိုင်ငံခြားရေးဝန်ကြီး Mr. Angelino Alfano တို့ တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရွှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲ ၂ နာရီတွင် အီတလီလွှတ်တော်၌ Migration and Gender Equality ခေါင်းစဉ်ဖြင့်ကျင်းပသည့် နိုင်ငံတကာလွှတ်တော်အမတ်များညီလာခံသို့ အထူးဖိတ်ကြားထားသူအဖြစ် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-အီတလီ ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ Vincenzo Scotti နှင့်အဖွဲ့အား မေ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ရောမမြို့ရှိ ခေတ္တတည်းခိုသည့် Boscolo Hotel ၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီနိုင်ငံခြားရေးဝန်ကြီး Mr. Angelino Alfano နှင့် မေ ၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောမမြို့ရှိ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုများနှင့် အီတလီနိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များအပေါ် ဆက်လက်ထောက်ခံသွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❑

## ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ရှမ်း၊ ကရင်နှင့် ပဲခူးတို့တွင် ဇွန်လအတွင်း ဖွဲ့စည်းမည်

**ရန်ကုန် မေ ၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၀)ကြိမ်မြောက်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် တပ်မတော်ဘက်မှ ကရင်ပြည်နယ်တွင် မိုင်းရှင်းလင်းရေးကိစ္စ၊ JMC-L ရုံးများ ဇွန်လအတွင်းစတင်ဖွဲ့စည်းနိုင်ရေးကိစ္စ၊ JMC-S ရုံးများတွင် ဝန်ထမ်းများထပ်မံခန့်ထားနိုင်ရေးနှင့် နယ်ခြားစောင့်တပ်(BGF)အပါအဝင် ပြည်သူ့စစ်များ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ လိုက်နာနိုင်ရေးတို့ကို ဆွေးနွေးသည်။

JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရိုက "ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) ဖွဲ့စည်းဖို့ကို ရှမ်း၊ ကရင်နဲ့ ပဲခူးသုံးနေရာမှာ ဇွန်လမကုန်ခင် အရင်ဆုံးလုပ်မယ်။ ဒါပေမယ့် ဒါကိုပြည်နယ်အဆင့် JMC-S ကနေလုပ်ရမှာဖြစ်တယ်။ ကျွန်တော်တို့ကတော့ ရှမ်းပြည်နယ်မှာ လင်းခေး၊ ကရင်ပြည်နယ်မှာ ဖာပွန်၊ ပဲခူးမှာတော့ မောဂလိမှာလုပ်ဖို့ ယာယီအကြံပြုတယ်။ ဒါပေမယ့် JMC-S ကနေ အစည်းအဝေးလုပ်တဲ့အချိန်မှာမှ ဆုံးဖြတ်မှာပါ"ဟု ပြောသည်။

ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L)ကို ဇွန်လမတိုင်မီ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းနိုင်ရေးဆွေးနွေးခဲ့ပြီး ဖွဲ့စည်းမည့်နေရာများနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S က ဆုံးဖြတ်ရမည်ဖြစ်သည်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တက်ရောက်နိုင်သည့် အဖွဲ့အစည်းများနှင့်ပတ်သက်၍ဆွေးနွေးခဲ့ပြီး လက်ရှိအချိန်ထိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)စာချုပ်လက်မှတ်ရေးထိုးရန် ဖိတ်ကြားထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုသာ အစိုးရအနေဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။



**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ (၁၀)ကြိမ်မြောက်အစည်းအဝေး ဒုတိယနေ့ ကျင်းပနေစဉ်။** (ဖိုးထောင်)

"ခွဲထွက်အဖွဲ့တွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တက်ခွင့်ရဖို့ပြောတာတွေကို ရှင်းလင်းတယ်။ အခုထိ NCA ကိုလက်မှတ်ထိုးဖို့ ဖိတ်ကြားထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုပဲ လက်ခံသေးတယ်။ အဲဒီအဖွဲ့အစည်းတွေကနေ ထပ်ပြီးခွဲထွက်လာတဲ့ အဖွဲ့တွေကိုတော့ UPC ကို တက်ရောက်ဖို့ အစိုးရလက်မခံသေးဘူးဆိုတဲ့သဘောဖြစ်သွားတာပေါ့"ဟု ဒေါက်တာရွှေခါးရိုက ပြောသည်။

ဆွေးနွေးပွဲတွင် တပ်မတော်အနေဖြင့် မိုင်းရှင်းလင်းရေးကိစ္စကို ဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး သဘောတူညီချက်ရရှိပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က "တပ်မတော်ရဲ့သဘောထားကတော့ မိုင်းတွေကို တပ်မတော်ကပဲဦးဆောင်ပြီး ပြန်ပြီးတော့ ရှင်းလင်းပေးသွားမယ်။ အဲဒါမှမဟုတ်ရင် ပြည်ပကနေပြီး မိုင်းရှင်းလင်းရေးနဲ့ ပတ်သက်ပြီး အထောက်အပံ့ပေးချင်တယ်ဆိုရင် နည်းပညာထောက်ပံ့ပေးမယ့် ပစ္စည်းဆိုရင် လက်ခံသွားပါမယ်။ ရှင်းလင်းတာကတော့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ရှင်းလင်းသွားဖို့ ဒီသဘောထားလေးကို KNU ဘက်မှာ ပြန်လည်ဆွေးနွေးမယ်ဆိုတာ ဆွေးနွေးဖြစ်ပါတယ်။ အထူးသဖြင့် ကရင်ပြည်နယ်မှာ စတင်ဆောင်ရွက်ဖို့ ဆွေးနွေးပါတယ်"ဟု ပြောသည်။

တပ်မတော်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိသည့် နယ်ခြားစောင့်တပ်(BGF)နှင့် ပြည်သူ့စစ်များအား စစ်ဘက်ဆိုင်ရာကျင့်ဝတ်အရ လိုက်နာမှုများထားရှိရန် ဆွေးနွေးခဲ့ပြီး တပ်မတော်အနေဖြင့် အမိန့်နာခံရေး (Command Understanding)ဆောင်ရွက်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် JMC ၏ (၁၀)ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့တွင် ပြည်နယ်အဆင့် JMC-S ကိုယ်စားလှယ်များကလည်း လုပ်ငန်းဆောင်ရွက်ချက် အခြေအနေနှင့် စိန်ခေါ်မှုများ၊ ဝန်ထမ်းလိုအပ်ချက်များကို တင်ပြခဲ့ပြီး JMC-S ဝန်ထမ်းလိုအပ်ချက်များခန့်ထားပေးနိုင်ရေးအတွက် နှစ်လအတွင်းလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

JMC သည် တပ်မတော်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား စစ်ဘက်ဆိုင်ရာအချက်များကို ဆွေးနွေးရန်၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နေချိန်တွင် အောက်ခြေ၌ တိုက်ပွဲများမဖြစ်ပွားစေရန်၊ တိုက်ပွဲများလျှော့ချနိုင်စေရန်၊ တပ်မတော်နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ပြဿနာကိုဖြေရှင်းနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကို တပ်မတော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာတွင် ဖွဲ့စည်းခဲ့သည်။ **(ရဲခေါင်ညွန့်)**

# တရုတ်နိုင်ငံအား ပြုံယမ်း၏ ရှားမှရှားဝေဖန်ရှုတ်ချသည့်မှတ်တမ်းစာစု ထွက်ပေါ်

**ပြုံယမ်း မေ ၄**

ပြုံယမ်း၏နျူကလီးယားလက်နက် ဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံအပေါ် အမေရိကန်နိုင်ငံက ဖိအားပေးရာတွင် တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုများ လုပ်ဆောင်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံအား ဝေဖန်ရှုတ်ချပါကြောင်း ရေးသားထားသည့် မှတ်တမ်းစာစုကို မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံအား ဝေဖန်ရှုတ်ချထားသည့် အမည်မဖော်လိုသူတစ်ဦး၏ မှတ်တမ်းစာစုနှင့်ပတ်သက်ပြီး မြောက်ကိုရီးယား သတင်းအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဖွင့်ဟပြောကြားခဲ့သည်။

အဆိုပါမှတ်တမ်းစာစုတွင် ပြုံယမ်း၏နျူကလီးယားလက်နက် ဖွံ့ဖြိုးရေးအစီအစဉ်နှင့်ပတ်သက်ပြီး တရုတ်မီဒီယာများက မကြာသေးသောကာလအတွင်း ဝေဖန်ရှုတ်ချခဲ့သည်ကို အလေးပေးဖော်ပြထားသည်။




နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေးကို ငဲ့ကွက်ခြင်းမရှိဘဲ ယင်းသို့ ဝေဖန်ရှုတ်ချမှုများပြုလုပ်ခြင်းသည် တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ တရားဝင်အခွင့်အရေးများကို တမင်တကာ ချိုးဖောက်ခြင်းဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံကို သိသာထင်ရှားစွာ ခြိမ်းခြောက်မှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု မှတ်တမ်းစာစုတွင် ပါရှိသည်။

ထို့ပြင် ယင်းမှတ်တမ်းစာစုကို ရေးသည့်စာမူရှင်သည် တရုတ်နိုင်ငံ၏ ဝေဖန်ရှုတ်ချမှုများကြောင့် မခံမရပ်နိုင်ဖြစ်ကာ ယင်းမှတ်တမ်းစာစုကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ သဘောထားနှင့်အညီ မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားများပေးရန်ကြိုးပမ်းခြင်းသည် ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုကို မျက်ကွယ်ပြုသည့် လုပ်ရပ်မျိုးလုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း အဆိုပါမှတ်တမ်းစာစုတွင် ပါရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ပြုံယမ်းနှင့်ဆက်ဆံရေးကို ထိခိုက်စေမည့်လုပ်ရပ်များ ပြုလုပ်တော့မည်ဆိုပါက နှစ်နိုင်ငံအတွက် အရေးပါသည့် နောက်ဆက်တွဲအကျိုးဆက်များနှင့်ပတ်သက်ပြီး ချင့်ချိန်တွေးဆသင့်ကြောင်း အဆိုပါမှတ်တမ်းတွင် ပါရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ဘရာဇီး၌ အကြမ်းဖက်မှုများဖြစ်ပွားနေသော ရီယိုဒီဂျနေးရိုးသို့ လုံခြုံရေးတပ်ဖွဲ့များစေလွှတ်မည်

**ရီယိုဒီဂျနေးရိုး မေ ၄**

ဘရာဇီးနိုင်ငံ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသော ရီယိုဒီဂျနေးရိုးပြည်နယ်သို့ လုံခြုံရေးတပ်ဖွဲ့များ စေလွှတ်ရန် အစိုးရအဖွဲ့က စီစဉ်လျက်ရှိကြောင်း တရားရေးဝန်ကြီး အိုစမာဆာရာဂလီယိုက ထုတ်ပြန်ကြေညာသည်။

အဆိုပါပြည်နယ်၏ မြို့တော် ရီယိုဒီဂျနေးရိုး၌ မူးယစ်ဆေးဝါးဂိုဏ်းများက ဘတ်စ်ကားများနှင့်ထရပ်ကားများကို မီးတင်ရှို့ခဲ့ပြီး မြို့တွင်းအရေးအပါဆုံး အမြန်လမ်းမများအနက် လမ်းမကြီးတစ်ခုကို ပိတ်ဆို့ထားကြောင်း၊ ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် မငြိမ်မသက်မှုများကို ကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအစိုးရအဖွဲ့က လုံခြုံရေးတပ်ဖွဲ့များ ဖြန့်ကြက်ပေးရန် ပြည်နယ်အုပ်ချုပ်ရေးမှူး လူဝီဖာနန်ဒို ပီဇိုက မေတ္တာရပ်ခံခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။



ရီယိုမြို့ရှိ ဆီဒါဒဲအယ်တာအမည်ရှိ ပုံကျရပ်ကွက်၌ မော်တော်ယာဉ်အများအပြား မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ မူးယစ်ဆေးဝါး ဂိုဏ်းများအကြား ငါးလကြာမျှ တင်းမာမှုများဖြစ်ပွားခဲ့ပြီး ယင်းပုံကျရပ်ကွက်ကို ထိန်းချုပ်နိုင်ရေးအတွက် အားပြိုင်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့သည် မေ ၂ ရက်က အဆိုပါ ပုံကျရပ်ကွက်အတွင်း စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ လူ ၄၅ ဦးကို ထိန်းသိမ်းခဲ့ပြီး တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ် အလက် ဒါဇင်ပေါင်းများစွာကို သိမ်းဆည်းရမိခဲ့သည်။ ဂိုဏ်းဂဏ တိုက်ခိုက်မှုအပေါ် ရဲတပ်ဖွဲ့၏ ကိုင်တွယ်ဆောင်ရွက်ပုံကို လက်တုံ့ပြန်သည့်အနေဖြင့် ဂိုဏ်းသားများက မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

## ကိုယ်ပိုင်ဆိုရှယ်မီဒီယာဝက်ဘ်ဆိုက် ဖွင့်လှစ်ရေး အိုင်အက်စ်စစ်သွေးကြွများ ကြိုးပမ်းနေဟုဆို

**လန်ဒန် မေ ၄**

အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)စစ်သွေးကြွများသည် ဆိုရှယ်မီဒီယာဝက်ဘ်ဆိုက်တစ်ခုကို ကိုယ်ပိုင်အဖြစ် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ဝါဒဖြန့်ချိမှုပြုလုပ်ရာတွင် လုံခြုံရေးအရာဌာနပိုင်များ၏ဖြိုခွင်းခံရမှုမှ ရှောင်ရှားနိုင်ရေးအတွက် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ထူထောင်ရန် အိုင်အက်စ်အဖွဲ့က ရည်ရွယ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)၏ရဲတပ်ဖွဲ့အေဂျင်စီ အကြီးအကဲ ဝိန်းရိုက်က ပြောကြားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်က အင်တာနက်အသုံးပြုသည့် အစွန်းရောက်လှုပ်ရှားမှုများကို ဖြိုခွင်းနိုင်ရေးအတွက် ၄၈ နာရီကြာ စစ်ဆင်ရေးပြုလုပ်စဉ် အိုင်အက်စ်အဖွဲ့၏ အွန်လိုင်းဝက်ဘ်ဆိုက်သစ်တစ်ခုကို ရှာဖွေတွေ့ရှိရကြောင်း အီးယူရဲတပ်ဖွဲ့အကြီးအကဲက ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် မေ ၄ ရက်က ကျင်းပသော လုံခြုံရေးဆိုင်ရာညီလာခံတစ်ရပ်တွင် ပြောကြားသည်။

အိုင်အက်စ်အဖွဲ့ဝင်အချို့သည် အွန်လိုင်းတွင် ဝါဒဖြန့်နိုင်ရန်နှင့် ဆက်သွယ်မှုများပြုလုပ်နိုင်ရန် နည်းပညာတီထွင်ဆန်းသစ်မှု ပြုလုပ်လျက်ရှိသည်။ ဥရောပရဲတပ်ဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးသည့် စစ်ဆင်ရေးတစ်ရပ်အတွင်း အမေရိကန်၊ ဘယ်လ်ဂျီယံ၊ ဂရိ၊ ပိုလန်နှင့်ပေါ်တူဂီနိုင်ငံတို့မှ တာဝန်ရှိသူများသည် အိုင်အက်စ်နှင့်အယ်လ်ခိုင်ဒါအဖွဲ့များနှင့် ပတ်သက်နေသော အကြောင်းခြင်းရာ ၂၀၀၀ ကျော်ကို ဆိုရှယ်မီဒီယာ ဝက်ဘ်ဆိုက် ၅၂ ခုတွင် ရှာဖွေတွေ့ရှိခဲ့သည်။ အွန်လိုင်းအသုံးပြု၍ အစွန်းရောက်လှုပ်ရှားမှုများ မပြုလုပ်နိုင်စေရန် ဖေ့စ်ဘွတ်နှင့်ဂူဂဲလ်တို့ကဲ့သို့သော နည်းပညာကုမ္ပဏီများက အရေးယူဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံများက ဖိအားပေးမှုများတိုးလာသည်။

သို့ရာတွင် အိုင်အက်စ်အဖွဲ့သည် ထောက်လှမ်းရေးဌာနများ၊ ရဲတပ်ဖွဲ့နှင့် နည်းပညာကုမ္ပဏီများ၏ အရေးယူဆောင်ရွက်မှုများမှ ရှောင်လွှဲနိုင်ရန် ကိုယ်ပိုင်ဆိုရှယ်မီဒီယာဝက်ဘ်ဆိုက်ဖွင့်လှစ်ရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း ဝိန်းရိုက်က ပြောကြားသည်။ **ရိုက်တာ။**

# အိန္ဒိယရေလုပ်သား ၃၀ ကို ပါကစ္စတန်ဖမ်းဆီးထား

**နယူးဒေလီ မေ ၄**

ပါကစ္စတန် ရေကြောင်းလုံခြုံရေးအေဂျင်စီက အိန္ဒိယရေလုပ်သား ၃၀ ခန့်ကို ဖမ်းဆီးထားသည်ဟု အိန္ဒိယနိုင်ငံပိုင် အသံလွှင့်ဌာန အောလ်အင်ဒီးယား ရေဒီယို (အေအိုင်အာရ်)က ယနေ့ပြောကြားသည်။

ယင်းရေလုပ်သားများကို မေ ၃ ရက်က ၎င်းတို့၏ ငါးဖမ်းရေယာဉ်ငါးစင်းနှင့်အတူ ဂူဂျရတ်ပြည်နယ် ကမ်းလွန်၌ ဖမ်းဆီးသွားသည်ဟု အေအိုင်အာရ်က ထုတ်လွှင့်သည်။

ပါကစ္စတန်ရေကြောင်းလုံခြုံရေး အေဂျင်စီက ဂူဂျရတ်ပြည်နယ် ဂျာကောကမ်းလွန်ရှိ အာရေဗျပင်လယ် နိုင်ငံတကာရေကြောင်းပိုင်နက်အတွင်း ရေလုပ်သားများကို ဖမ်းဆီးသွားသည်ဟု ယူဆရပြီး ၎င်းတို့အား ကရာချိဆိပ်ကမ်းသို့ ခေါ်ဆောင်သွားကာ ယနေ့တွင်ပင် တရားရုံး၌ ရုံးတင်လိမ့်မည်ဟု ဆက်လက်ဖော်ပြသည်။

ယခုနှစ်အတွင်း ပါကစ္စတန်နိုင်ငံက အိန္ဒိယနိုင်ငံသားရေလုပ်သား ဦးရေ ၃၀၄ ဦးကို ဖမ်းဆီးထားသည်။ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့အား ခွဲခြားထားသည့် ထိန်းချုပ်ရေးမျဉ်းဒေသ၌ နှစ်နိုင်ငံအကြားဒေသအမျက်ထွက်မှုများ အရှိန်မြင့်၍ တင်းမာမှုရှိနေစဉ်အတွင်း အိန္ဒိယရေလုပ်သားများကို ပါကစ္စတန်က ဖမ်းဆီးမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းကလည်း အလားတူ အခြေအနေမျိုးတွင် ပါကစ္စတန် အာဏာပိုင်များက အိန္ဒိယရေလုပ်သား ၂၉ ဦးကို ဖမ်းဆီးခဲ့သေးသည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံလုံးမှ ရေလုပ်သားများသည် နှစ်နိုင်ငံရေကြောင်းပိုင်နက်များအတွင်းသို့ မတော်တဆ ဖြတ်ကျော်ဝင်ရောက်မိကာ မကြာခဏ ဆိုသလိုပင် ထောင်ဒဏ်ချမှတ်ခံရသည့်ဖြစ်ရပ်များ ဖြစ်ပွားလျက်ရှိသည်။

အိန္ဒိယနှင့်ပါကစ္စတန်တို့မှ အများစုဖြစ်သော ငါးဖမ်းရေယာဉ်များသည် ၎င်းတို့ရေယာဉ် တည်ရှိရာနေရာ အတိအကျကို သိရှိနိုင်သည့် နည်းပညာချို့တဲ့မှုများကြောင့် နိုင်ငံတကာရေကြောင်း ပိုင်နက်အတွင်း နယ်နိမိတ်သတ်မှတ်ချက်များကို သိရှိနိုင်စွမ်းနည်းပါးပြီး နှစ်နိုင်ငံစလုံး၏ ရေပိုင်နက်များသို့ ချိုးဖောက်ဝင်ရောက်မှုများ ဖြစ်ပွားရခြင်းဖြစ်သည်။ **ဆင်ဟွာ။**



✻ ကျောဖုံးမှ

၂။ ဤဆောင်ရွက်ချက်များသည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်နှင့်အညီ နိုင်ငံ့တာဝန်ကို ရယူထမ်းဆောင်လျက်ရှိသော နိုင်ငံတော်အစိုးရလက်ထက် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာစေရန်၊ ကောလာဟလများ ကြီးထွားလာပြီး ပြည်သူများအကြား ကျီးလန့်စာစား အခြေအနေများဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ဤသို့ သတင်းမှားများ ဖြန့်ချိ၍ ကောလာဟလများဖြင့် နိုင်ငံရေး တည်ငြိမ်မှုများ ပျက်ပြားစေရန် ဆောင်ရွက်နေခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် သိသင့်သိထိုက်သော သတင်းအချက်အလက်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး အတွက်လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုခိုင်မာစေရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး အတွက် လည်းကောင်း နိုင်ငံတော်အစိုးရက ပြည်သူနှင့်အတူ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ အရေးကြီးလှသော ယနေ့အချိန်အခါ၌ ပြည်သူ များအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်သူများ၏ သတင်းမှားနှင့် ကောလာဟလများ ဖြန့်ချိနေမှုများကို အလွယ်တကူ ယုံကြည်ခြင်းမပြုဘဲ အထူးသတိပြုဆင်ခြင်နိုင်ကြပါရန် အသိပေးလျက် သတင်းထုတ်ပြန်အပ်ပါ သည်။

# ယူနက်စကို ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၄**



မြန်မာနိုင်ငံ၌ မှတ်တမ်းပြုထားသည့် ရှေးဟောင်းအမွေအနှစ်များ ဖြစ်ကြသော ပေရွက်ပေါ်ရှိ လက်ရေးမူများမှစ၍ ရှေးဦးရုပ်ရှင်မှတ်တမ်းများအထိ နောင်မျိုးဆက်သစ်များအတွက် ကြည့်ရှုလေ့လာထိန်းသိမ်းရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စုဆောင်းထိန်းသိမ်းမှုအရေးအတွက်တို့ကို ကမ္ဘာ့အမွေအနှစ်မှတ်တမ်းများအဖြစ် ဖော်ထုတ်သတ်မှတ်ကာ စာရင်းသွင်းရန်လိုအပ်ကြောင်း ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Memory of the World-MOW) က သိရသည်။

ယူနက်စကို မြန်မာအမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က "မြန်မာနိုင်ငံမှာ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ သတင်းအချက်အလက်ဆိုင်ရာ မှတ်တမ်းတွေများစွာရှိပေမယ့် အဆင့်မြင့် နည်းပညာဆိုင်ရာနဲ့ ဆက်လက်ထိန်းသိမ်းဖို့ အကူအညီလိုအပ်နေပါတယ်။ ထိန်းသိမ်းဖို့ဆိုရာမှာလည်း အစိုးရပိုင်းတစ်ရပ်တည်း အနေနဲ့တော့မဖြစ်နိုင်ဘူး။ ဒါကြောင့် အမျိုးသားအဆင့် ဖွဲ့စည်းဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ ဒါကိုမကြာခင် ဖွဲ့စည်းသွားဖို့ ရှိပါတယ်။ ပြည်သူတွေကတော့ ဒီအဖွဲ့နဲ့ချိတ်ဆက်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲ၌ ယူနက်စကိုမှ MOW အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာရေးအဒ်မန်ဆန်နှင့် ယူနက်စကို ဘန်ကောက်ရုံးမှ အတိုင်ပင်ခံ မစ္စတာ အင်ဒရူးဟဲန်ဒါဆန်တို့က မေ ၄ ရက်မှ ၅ ရက်ထိ နှစ်ရက်တာ ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် နှစ်ဖက်အပြန်အလှန်ဆွေးနွေးကာ အမည်စာရင်း တင်သွင်းရေးပုံစံ၊ ဖြည့်စွက်ရမည့်အကြောင်း၊ အကြံဉာဏ်ပေးရန် လမ်းညွှန်ချက်များ ပေးမည်ဖြစ်ကာ ဆွေးနွေးပွဲကို မလေးရှားနိုင်ငံအစိုးရနှင့် ယူနက်စကိုတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယူနက်စကို မြန်မာကိုယ်စားလှယ် Miss. Min Jeong Kim က "နှစ်ရက်တာ ဆွေးနွေးပွဲအတွင်း ယူနက်စကို ကမ္ဘာ့အမွေအနှစ် အဖွဲ့အစည်းအသီးသီးက အချက်အလက်တွေ မျှဝေဆွေးနွေးခြင်းတွေကို လုပ်ဆောင်ကြမှာဖြစ်တယ်။ လာမယ့် အောက်တိုဘာလမှာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်။ နှစ်ကုန်ပိုင်းလောက်မှာတော့ မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ မှတ်တမ်းပြုအမွေအနှစ်များအကြောင်းကို ပြပွဲနဲ့ ပုံနှိပ်ထုတ်ဝေမှုတွေကိုလည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယူနက်စကိုက သတ်မှတ်သည့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များတွင် လက်ဆုပ်လက်ကိုင်မပြနိုင်သော အက၊ တေးဂီတ၊ ယဉ်ကျေးမှုဆိုင်ရာ ဖော်ပြချက် စသည့်အမွေအနှစ်များ၊ လက်ဆုပ်လက်ကိုင်ပြနိုင်သောနေရာ၊ အထိမ်းအမှတ်၊ မြေနေရာများ စသည့် အမွေအနှစ်များ၊ မှတ်တမ်းပြုထားသော စာအုပ်များ၊ လက်ရေးမူများ၊ ဖလင်များ စသည့် အမွေအနှစ်များဖြင့် ခွဲခြားထားကြောင်း သိရသည်။

ယူနက်စကိုသည် ကမ္ဘာ့အမွေအနှစ် မှတ်တမ်းအစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ကာ မှတ်တမ်းပြုထားသော အမွေအနှစ်များ၏ တည်ရှိမှုနှင့် အရေးပါမှုကို ကမ္ဘာတစ်ဝန်းတွင် အသိမြင့်တင်ရန် အသင့်တော်ဆုံး နည်းလမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာ အလွယ်တကူ အပြည်ပြည်ဆိုင်ရာ ကြည့်ရှုခွင့်မြှင့်တင်ပေးရန် ရည်ရွယ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သုတေသနဆိုင်ရာ မှတ်တမ်းရုံးများ၊ စာကြည့်တိုက်များ၊ ပြတိုက်များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရှိ မှတ်တမ်းပြုထားသော အမွေအနှစ်များနှင့် သက်ဆိုင်သည့်ကဏ္ဍများတွင် ပါဝင်လှုပ်ရှားနေသူများ တက်ရောက်ကြသည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ် မှတ်ပုံတင်စာရင်းတွင် ၁၈၇၁ ခုနှစ် မင်းတုန်းမင်းတရားကြီး ပဉ္စမသင်္ဂါယနာတင်ပွဲ၌ ပိဋကတ်သုံးပုံကို ကျောက်ပြား ၇၂၉ ချပ်ပေါ်၌ ရေးထိုးပူဇော်ခဲ့သည့် မဟာလောကမာရဇိန်(ခေါ်)ကုသိုလ်တော်ဘုရား ကျောက်စာများသည် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ အလောင်းမင်းတရားကြီးက ၁၇၅၆ ခုနှစ်တွင် ဒုတိယမြောက်ဂျော့ဂျ်ဘုရင်ထံ ရေးသားပေးပို့ခဲ့သည့် လွန်စွာ ထူးခြားပြောင်မြောက်သော အနုပညာဆန်သည့် ရွှေပေလွှာသည် ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ သမိုင်းဝင်ပုဂံမြို့ရှိ အေဒီ ၁၂ ရာစုက ဘာသာစကား လေးမျိုးဖြင့် ရေးထွင်းထားသည့် မြစေတီကျောက်စာကို ၂၀၁၅ ခုနှစ်တွင် လည်းကောင်း၊ အေဒီ ၁၅၅၇ ခုနှစ်တွင် ပုဂံရွှေစည်းခုံစေတီတော်၌ ဘုရင့်နောင်မင်းတရားကြီး ဘာသာစကားသုံးမျိုးဖြင့် ရေးထိုးလှူဒါန်းခဲ့သည့် ခေါင်းလောင်းစာကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း ယူနက်စကို ကမ္ဘာ့အမွေအနှစ် မှတ်တမ်းမှတ်ပုံတင်စာရင်းတွင် အမည်စာရင်းတင်သွင်းခံခဲ့ရကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-ရဲထွဋ်**

# သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ် ဗုဒ္ဓပူဇနိယပွဲတော်များကို ယမန်နှစ်ထက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မြောက်ဦး မေ ၄**

ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးမြို့၌ (၈၉)ကြိမ်မြောက် သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၈ ရက်မှ ၁၄ ရက်ထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

"ဒီဗုဒ္ဓပူဇနိယပွဲတော်ကို ရခိုင်တွေရဲ့ ဒုတိယသင်္ကြန်လို့ ပြောကြတယ်။ ပွဲတော်ရဲ့အစနေ့ကို ကဆုန်လပြည့်နေ့မှာ ထုံးစံအတိုင်းသတ်မှတ်ထားပါတယ်။ ပွဲတော်ကာလမှာ ပဋ္ဌာန်းတရားပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ ကျေးရွာပေါင်းစု ဘောလုံးပြိုင်ပွဲ၊ ရခိုင်ရိုးရာလောင်း(လှေ)ပြိုင်ပွဲ၊ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲနှင့် ရခိုင်ရိုးရာယဉ်ကျေးမှုဇာတ်တို့ကို ထည့်သွင်းကျင်းပပါမယ်။ ရခိုင်ရိုးရာလောင်း(လှေ)ပြိုင်ပွဲလုပ်တဲ့ ချောင်းထဲမှာ လာတဲ့ဧည့်သည်တွေက လောင်း(လှေ)စီးပြီး အပြန်အလှန် ရေကစားကြလေ့ရှိတယ်။ အနုမကန်မှာရေကစားလေ့ရှိကြတယ်" ဟု ပွဲတော်ကျင်းပရေးကော်မတီများက ပြောကြားသည်။

"အခုနှစ်က မနှစ်ကထက် ပိုစည်ကားနိုင်ပါတယ်။ ဘာဖြစ်လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတာကြောင့် မာန်အောင်၊ တောင်ကုတ်၊ ရမ်းပြဲ၊ ကျောက်ဖြူ အမ်း၊ သံတွဲ၊ ဂွ၊ ပေါက်တောနဲ့ မြေပုံမြို့နယ်ဘက်တွေက ဘုရားဖူးဧည့်သည်တွေ၊ ရန်ကုန်မြို့မှ ဘုရားဖူးဧည့်သည်တွေနဲ့ နိုင်ငံခြားသား ဧည့်သည်တွေ ပိုရောက်လာနိုင်တယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မောင်တောမြို့၌ ပရိတ်၊ ပဋ္ဌာန်း၊ ဥပ္ပါဒသန္တိကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မောင်တော မေ ၄**

အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်း၊ ဥပ္ပါဒသန္တိကျမ်း ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၈ နာရီတွင် မောင်တောမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ (၃)ကြိမ် ရွတ်ဆိုကန်တော့၍ မြို့ဦးကျောင်းဆရာတော်က ကိုးပါးသီလဆောက်တည် ဟောကြားပေးပြီး မြို့မကျောင်းဆရာတော်က ဥပ္ပါဒသန္တိကျမ်းရွတ်ဖတ်ရခြင်းအကျိုးနှင့်စပ်လျဉ်း၍ ရှင်းပြသည်။ သံဃာတော် အရှင်မြတ်တို့က ပရိတ်ကြီး ၁၁ သုတ်နှင့် မဟာပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ပြီး မေ ၅ ရက်နှင့် ၆ ရက်တို့တွင် မြို့ပေါ်ရှိ ဝတ်ရွတ်အဖွဲ့ ကိုးဖွဲ့တို့မှ အလှည့်ကျ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

မေ ၇ ရက်တွင် သံဃာတော်များက ရွတ်ဖတ်ပူဇော်ပြီး ပရိတ်၊ ပဋ္ဌာန်း၊ ဥပ္ပါဒသန္တိကျမ်း ရွတ်ဖတ်ပူဇော်ပွဲပြီးမြောက်ခြင်းအခမ်းအနား ကျင်းပမည် ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## နေ့အပူချိန်များတိုးလာနိုင်

နေပြည်တော် မေ ၄

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် သုံးဒီဂရီစင်တီဂရိတ်မှ လေးဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် နှစ်ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မြင်းမူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ ကြေးမုံမြို့၊ မြင်းခြံမြို့၊ နေပြည်တော်(ရေဆင်း)၊ အောင်လံမြို့၊ ဂန့်ဂေါမြို့၊ ရွှေကျင်မြို့နှင့် ဖြူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

✻ ဗိုလ်ချုပ်မှ

### (သုဝဏ္ဏကွင်း)
### မဟာယူနိုက်တက်-ခုနစ်ဂိုး
### တက္ကသိုလ်-တစ်ဂိုး

ပထမတန်း နှစ်သင်းတွေ့ဆုံသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ခြေအသာဖြင့် ကစားပြီး ဂိုးပြတ်သွင်းယူကာ နောက်တစ်ဆင့် တက်ရောက်သွားသည်။ တက္ကသိုလ်အသင်းသည် မိနစ်နှစ်ဆယ်ကျော်သာ မဟာယူနိုက်တက် အသင်းကို ယှဉ်ကစားနိုင်ခဲ့ပြီး နိုင်ငံခြားသားကစားသမားများပါဝင်သည့် မဟာယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်ကာ ဂိုးပြတ်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်နောက်ခံလူဟောင်း ဦးဇော်လင်းထွန်း-၂ ကိုင်တွယ်နေသည့် မဟာယူနိုက်တက်အသင်းသည် နိုင်ငံခြားကစားသမားနှစ်ဦး အပါအဝင် လူစုံအသုံးပြုခဲ့ပြီး တက္ကသိုလ်အသင်းမှာလည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး ရှစ်မိနစ်တွင် ဆင်မြူရယ်က မဟာအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၁၉ မိနစ်တွင် အောင်သန့်ဇော်က တက္ကသိုလ်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၂၆ မိနစ်တွင် ပရိုင်းဒေးက မဟာအတွက် ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ဒုတိယဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် တက္ကသိုလ်အသင်း ကစားကွက်ပျက်သွားခဲ့ပြီး ဂိုးများဆက်တိုက်ပေးခဲ့ရသည်။ မဟာယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၃၈၊ ၄၅၊ ၄၈ မိနစ်တွင် ဆင်မြူရယ်၊ ၄၁ မိနစ်တွင် တိုးဆက်နိုင်၊ ၅၄ မိနစ်တွင် ဖရိုင်းဒေးက သွင်းယူခဲ့သည်။ မဟာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် နေပြည်တော်နှင့် ဒဂုံအသင်းတို့ မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီသရေကျနေသောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ နေပြည်တော်အသင်းက လေးဂိုး-သုံးဂိုး စုစုပေါင်း ဂိုးရလဒ် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ပထမအဆင့် အုပ်စုပွဲများပြီးဆုံးသွားပြီဖြစ်ပြီး ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၀၊ ၁၁၊ ၁၇၊ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲအဖြစ် ဟံသာဝတီနှင့် ဇွဲကပင်၊ မြဝတီနှင့် ရန်ကုန်၊ ရခိုင်နှင့် ချင်းယူနိုက်တက်၊ ဖီးနစ်နှင့် ဧရာဝတီ၊ မကွေးနှင့် ဖုန်ဂန်၊ စီးတီးစတားနှင့် ရှမ်းယူနိုက်တက်၊ Southern နှင့် နေပြည်တော်၊ မဟာနှင့် ရတနာပုံတို့ တွေ့ဆုံလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲတို့ တွေ့ဆုံဆွေးနွေးမှုအပြီး ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲမှ ပြောကြား၊ ဖြေကြားချက်များ

မြန်မာအစိုးရအဖွဲ့ စတင်တာဝန်ယူပြီး တစ်နှစ်အကြာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံးအကြိမ် ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂ တရားဝင်ခရီးစဉ်ကို ကြိုဆိုခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အထူးသဖြင့် သူမရဲ့ ဥရောပကို လာရောက်တဲ့ ပထမဆုံးအကြိမ်ခရီးစဉ်အတွင်း ဥရောပသမဂ္ဂသို့ လာရောက်ခြင်းကို ဂုဏ်ယူမိပါတယ်။

ယခုခရီးစဉ်ဟာ မိမိတို့ရဲ့ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှု၊ နက်ရှိုင်းစွာတည်ရှိတဲ့ မိတ်ဖက်ဆက်ဆံရေးနဲ့ အတူတကွလက်တွဲဆောင်ရွက်လျက်ရှိတဲ့ ခိုင်လုံတဲ့အချက်များကို အသိအမှတ်ပြုတဲ့ပြယုဂ်လည်း ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဆွေးနွေးမှုကို ဥရောပသမဂ္ဂဖွဲ့စည်းသည့် ရောမစာချုပ် နှစ်(၆၀)မြောက် အခါသမယသို့ ဒေါ်အောင်ဆန်းစုကြည်မှ ပေးပို့ခဲ့တဲ့ နွေးထွေးမှုရှိတဲ့ အမှာစကားအတွက် ကျေးဇူးတင်ရှိကြောင်းဖြင့် စတင်ခဲ့ပါတယ်။ ယင်းသည် ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံအကြား ဆက်ဆံရေးရဲ့ အဓိကမဟုတ်သော်လည်း ကမ္ဘာတစ်ဝန်းရှိ မိတ်ဆွေများနဲ့ မိတ်ဖက်များမှ ဥရောပသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုများအပေါ် မည်မျှအလေးထားသည်ကို တွေ့မြင်ရခြင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်က ယင်းအခမ်းအနားအတွက် ပေးပို့ခဲ့တဲ့အမှာစကားကို ကြားခွင့်ရခဲ့ခြင်းများဟာ မိမိအတွက်သာမက မိမိတို့အားလုံးအတွက်ပါ အထူးအလေးထားစရာဖြစ်ပါတယ်။

မိမိတို့ရဲ့ ယနေ့တွေ့ဆုံဆွေးနွေးမှုများမှာ နွေးထွေး၊ ပွင့်လင်း၊ အကျိုးရှိပြီး စိတ်ဝင်စားဖွယ်ကောင်းခဲ့ပါတယ်။ ယင်းတွေ့ဆုံဆွေးနွေးမှုတွင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် မည်သည့်အကောင်းဆုံးနည်းလမ်းများဖြင့် ဆက်လက်အားပေးကူညီပံ့ပိုးပေးသွားနိုင်မည်ကို ဆွေးနွေးခဲ့ကြပါတယ်။ ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးစာချုပ်ဖြစ်တဲ့ NCA တွင် လက်မှတ်ရေးထိုးခွင့်ရတဲ့ အနည်းငယ်သော နိုင်ငံတကာအသိသက်သေများအနက်မှ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ မိမိတို့အနေဖြင့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို သက်ဝင်ယုံကြည်သူများအားလုံးပါဝင်ရန် လိုအပ်ပြီး မြန်မာပြည်သူများ လက်ဝယ်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးနိုင်မည်ကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြီးခဲ့သည့်ဆယ်စုနှစ်များနှင့် မကြာမီလများအတွင်းက ခက်ခဲတဲ့အခြေအနေများတွင် ဒေါ်အောင်ဆန်းစုကြည်မှ ထူးခြားပြောင်မြောက်စွာ ပြသခဲ့တဲ့အချိန်၊ စွမ်းအား၊ ယုံကြည်ချက်နဲ့ နိုင်ငံရေးခေါင်းဆောင်မှုတို့ လိုအပ်ပါတယ်။ ဒါကြောင့် ဥရောပသမဂ္ဂအနေနဲ့ နိုင်ငံရေးအရသာမက ဘဏ္ဍာငွေကြေးအရပါ တတ်စွမ်းသမျှ အားလုံးသော နည်းလမ်းများ၊ ခွန်အားများဖြင့် ပံ့ပိုးကူညီပေးလျက်ရှိပြီး ဆက်လက်၍လည်း ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသို့ သွားရောက်မယ့်ကော်မရှင်နာ Stylianides ကလည်း မိမိတို့ရဲ့တွေ့ဆုံဆွေးနွေးမှုကို တက်ရောက်ခဲ့တဲ့အတွက် ၎င်းရဲ့ခရီးစဉ် ကြိုတင်ပြင်ဆင်ရန် အခွင့်အလမ်းလည်း ရခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်မယ့် သဘောထားအမြင်များနဲ့ နိုင်ငံရေးလုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ပါတယ်။ မိမိတို့အနေနဲ့ စိုးရိမ်မကင်းဖြစ်ရတဲ့ကိစ္စဖြစ်ပြီး လူမှုအသိုင်းအဝိုင်းအားလုံးအတွက် အဓိက လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိတဲ့ ရခိုင်ပြည်နယ်အခြေအနေများကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ဒီအချက်တွေဟာ ရှေ့ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသို့ သွားရောက်မယ့် ကော်မရှင်နာ Stylianides ရဲ့ လုပ်ငန်းစဉ်များရဲ့ တစ်စိတ်တစ်ဒေသလည်း ဖြစ်ပါတယ်။



ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini

ဥရောပသမဂ္ဂမှ အာဆီယံနှင့်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများ၊ နယ်ပယ်အသီးသီးတွင် မိမိတို့ရဲ့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန်နှင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နို၀င်ဘာလတွင် လက်ခံကျင်းပရန်ရှိပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သဘာပတိအဖြစ် ဆောင်ရွက်မယ့် ဥရောပသမဂ္ဂမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ကြမယ့် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကိစ္စရပ်တို့ပါဝင်တဲ့ ကျယ်ပြန့်တဲ့ ဒေသတွင်းကိစ္စရပ်များကိုလည်း ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ပါတယ်။ အေဆမ်အစည်းအဝေးဟာ မိမိတို့ ပြန်လည်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ မိမိပြောခဲ့သလို ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံရဲ့ အဓိကမိတ်ဖက်ဖြစ်သလို ခေတ်သစ်မြန်မာနိုင်ငံမှာနေထိုင်တဲ့ မြန်မာပြည်သူများကို မိမိတို့ရဲ့ခိုင်မာတဲ့ ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်မယ့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။

ခေတ်စနစ်သစ်တိုင်းဟာ စိန်ခေါ်မှုများ၊ အခက်အခဲများနဲ့ စိတ်ဝင်စားဖွယ်ဖြစ်သော်လည်း အဓိကကတော့အခက်အခဲများပဲ ဖြစ်ပါတယ်။ ယင်းခက်ခဲတဲ့ လုပ်ငန်းစဉ်များကို အတူတကွ လုပ်ဆောင်ဖို့ မိတ်ဆွေများရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့အတွက်လည်း ဥရောပသမဂ္ဂအနေနဲ့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ တစ်ခါတစ်ရံ မိမိတို့ရှေ့မှာ ကြမ်းတမ်းတဲ့ အခိုက်အတန့်များနဲ့ ကြုံတွေ့နိုင်ပေမယ့် ခိုင်မာတဲ့သန္နိဋ္ဌာန်နဲ့ ဦးတည်ချက်လမ်းကြောင်းများဟာ နိုင်ငံတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များ ခိုင်မာစေရေးနဲ့ အထောက်အကူပေးရေး၊ လေးစားမှု၊ ချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ အားပေးမှုများနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ့် စိန်ခေါ်မှုများကို သိရှိခြင်း စတဲ့ရည်မှန်းချက်များနဲ့ အတူတူဖြစ်ပါတယ်။

ဒီနေ့ မိမိတို့နှင့် အဆွေတော်တို့ အတူတူရှိခြင်းကို ဂုဏ်ယူမိပြီး ကျေးဇူးတင်ရှိပါတယ်။

**မေးခွန်း။ မိမိအနေနဲ့ နှစ်ဦးစလုံးကို မေးမြန်းလိုပါတယ်။ အဆင့်မြင့်ကိုယ်စားလှယ်အနေနဲ့ ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဆောင်ဖို့ တိုက်တွန်းအားပေးခဲ့သလဲ။ နောက်ပြီး သူမရဲ့ အကြံပြုချက်များအနက် မည်သည့်အချက်များကို သူမအနေနဲ့ လက်တွေ့အကောင်အထည်ဖော်ဆောင်သွားနိုင်မည်ကို သိရှိလိုပါကြောင်း။ ဒီကိစ္စနဲ့စပ်လျဉ်းပြီး ဆွေးနွေးချက်များမှ မည်သည့်အဓိကအချက်များကို ပြန်လည်ပြောကြားနိုင်ပါသလဲ။**

အဖြေ။ ဒေါ်အောင်ဆန်းစုကြည် ပြောကြားချက်အပေါ် မိမိအနေနဲ့ အပြည့်အ၀ ထောက်ခံပါတယ်။ မိမိတို့အနေနဲ့ အဓိကအရေးကြီးတဲ့အချက်ကတော့ အသိုင်းအဝိုင်းအားလုံး လူမှုဘ၀အခြေအနေ တိုးတက်ကောင်းမွန်လာစေရေးကို အရေးကြီးကိစ္စရပ်အဖြစ် သတ်မှတ်ထားပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ကိစ္စရပ်များအပါအဝင် မည်သည့်အကြမ်းဖက်မှုပုံစံမျိုးကိုမဆို မိမိတို့အနေနဲ့ အစဉ်ရှုတ်ချကြောင်း ဦးစွာပြောကြားလိုပါတယ်။ မိမိတို့အနေနဲ့ ယင်းလုပ်ရပ်အပေါ် ပြစ်တင်ရှုတ်ချခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုများအပေါ် လူသိရှင်ကြားပြစ်တင်ရှုတ်ချခဲ့တဲ့ ပထမဆုံးနိုင်ငံတကာအဖွဲ့အစည်းဟာ မိမိတို့ ဖြစ်မယ်လို့ ယူဆပါတယ်။ အသိုင်းအဝိုင်းအားလုံးအနေနဲ့ ၎င်းတို့ရဲ့လူမှုဘ၀တိုးတက်မြင့်မားလာစေရေးကို မြင်တွေ့လိုတယ်လို့ မိမိတို့အနေနဲ့ ယုံကြည်ပါတယ်။ အာနန် အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ဖို့အတွက် မြန်မာနိုင်ငံမှ အာဏာပိုင်များကို မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် ကူညီပံ့ပိုးပေးသွားရမည်ကို မိမိတို့ အဓိကဆွေးနွေးခဲ့ပါတယ်။ ယင်းဆောင်ရွက်ချက်များဟာ မိမိတို့အတွက် လမ်းပြမြေပုံဖြစ်ပါတယ်။ အာနန်အစီရင်ခံစာပါ ဖော်ပြအကြံပြုချက်များနဲ့ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆုံးဖြတ်ချက်နဲ့ ထောက်ခံမှုများအပေါ် ကျေးဇူးတင်မိပါတယ်။ ဒါဟာ ရှေ့ဆက်လုပ်ဆောင်သွားရမယ့် လမ်းကြောင်းလို့လည်း ယုံကြည်ထားပါတယ်။ မိမိတို့အနေနဲ့ ကူညီပံ့ပိုးပေးသွားရန် အသင့်ရှိပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများအပါအဝင် လက်တွေ့ကျတဲ့ နည်းလမ်းများဖြင့် အစီရင်ခံစာပါအစီအမံများကို အပြည့်အ၀အကောင်အထည်ဖော်နိုင်ရေးအတွက် ဥရောပသမဂ္ဂအနေနဲ့ ကူညီပံ့ပိုးပေးနိုင်ပါတယ်။

**မေးခွန်း။ ယခုမေးခွန်းကတော့ နှစ်ဦးစလုံးနဲ့ သက်ဆိုင်ပါတယ်။ ရိုဟင်ဂျာများရဲ့ အခြေအနေကို နိုင်ငံတကာစုံစမ်းစစ်ဆေးမှုလုပ်ဆောင်ရန် တောင်းဆိုနေမှုများနှင့် စပ်လျဉ်းပြီး သင်တို့ရဲ့ ရပ်တည်ချက်ကို သိရှိလိုပါတယ်။**

အဖြေ။ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်မှန် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ စေလွှတ်ဖို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ဟာ မိမိတို့အကြား သဘောထားအမြင် အယူအဆကွဲလွဲနေတဲ့ ပြဿနာအနည်းငယ်ထဲမှ တစ်ခုဖြစ်နိုင်တယ်လို့ ပြောနိုင်ပါတယ်။ တကယ်တော့ အခြားကွဲလွဲတဲ့ အချက်ရယ်လို့လည်း မမြင်မိပါဘူး။ မိမိတို့ ယခင်ကတည်းက ပြောကြားခဲ့သလိုပါပဲ။ ဒီကိစ္စဟာ အတိတ်ကဖြစ်ပျက်ခဲ့တဲ့ အချက်အလက်တွေကို ဖော်ထုတ်ဖို့ အထောက်အကူပြုနိုင်တယ်လို့ ယုံကြည်ပါတယ်။ ရှေ့ဆက်အတူတကွ လက်တွဲဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာကိုလည်း အပြည့်အ၀ သဘောတူပါတယ်။ မိမိတို့ နားလည်တာကတော့ အချက်အလက်မှန် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ဟာ အတိတ်ကဖြစ်ရပ်တွေကို အမှန်ဖော်ထုတ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်ဖြစ်ပြီး အနာဂတ်ကိုရှေးရှုဆောင်ရွက်ရန် လိုအပ်ကြောင်းနဲ့ ကိုဖီအာနန် အစီရင်ခံစာထဲမှာပါတဲ့ အကြံပြုတိုက်တွန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း သဘောတူခဲ့ကြပါတယ်။ **(သတင်းစဉ်)**

## ပန်းချီဆရာကြီး ဦးသောင်းဟန် ကွယ်လွန်



မြန်မာနိုင်ငံ၏ ပန်းချီလောကတွင် ထင်ရှားကျော်ကြားလူကြိုက်များခဲ့သော ပန်းချီဆရာကြီး ဦးသောင်းဟန်မှာ ယမန်နေ့ညက ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာကြီးသည် ပန်းချီပညာကို ၁၉၅၂ ခုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်းတွင် သင်ကြားခဲ့ပြီး ပညာရေးဝန်ကြီးဌာနတွင် အထက်တန်း ပန်းချီအနုပညာ နည်းပြဆရာအဖြစ် အမှုထမ်းခဲ့သည်။ မြန်မာစာပေလောကတွင် သရုပ်ဖော်ပန်းချီဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ သရုပ်ဖော်ပန်းချီ၊ မျက်နှာဖုံးပန်းချီလောကတွင် သက်ဝင်လှုပ်ရှားဖွယ်ရာ ပြောင်မြောက်သော ပန်းချီလက်ရာများကို ရေးဆွဲနိုင်ခဲ့သည်။ အထူးသဖြင့် ဝတ္ထုမျက်နှာဖုံးပန်းချီ၊ အနုပညာရှင်များ၏ သရုပ်ဖော်ပန်းချီပုံများကို ရေးဆွဲခဲ့ရာတွင် လက်ရာပြောင်မြောက်လှသဖြင့် စာဖတ်ပရိသတ်များအား စွဲငြိစေခဲ့သည်။

ဆရာကြီးသည် ၁၉၈၃ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်ပန်းချီပန်းပုကျောင်းတွင် ပြင်ပပန်းချီပညာရှင်အနေဖြင့် ပန်းချီရေးဆွဲနည်းများကို ၁၀ နှစ်ခန့်သင်ကြားပေးခဲ့သည်။ ဆရာကြီးသည် ပရိသတ်ကို စွဲငြိအောင် ပန်းချီအနုပညာလက်ရာများ မြောက်မြားစွာရေးဆွဲခဲ့သလို သူတတ်မြောက်ထားသည့် ပန်းချီအနုပညာလက်ရာများကို မျိုးဆက်သစ်များအား မွန်မြတ်သောစေတနာဖြင့် လက်ဆင့်ကမ်းအမွေပေးဝေနိုင်ခဲ့သည်။ ဆရာကြီးသည် "ငါသိသမျှ အကုန်သင်ပေးမယ်၊ အကုန်ရစေရမယ်။ ထုတ်ဝေတဲ့စာအုပ်ကပဲရရ၊ ပို့ချလိုက်တဲ့ သင်တန်းကပဲရရ၊ အကုန်သိစေရမယ်။ တစ်ဦးတစ်ယောက်အတွက် အသက်မရှင်ချင်ဘူး။ ဆရာကပဲ ပေးနေချင်တယ်" ဟူသော သေတစ်ပန်သက်တစ်ဆုံး မွန်မြတ်သောခံယူချက်ထားရှိသွားသည်မှာ နှမြောတသဖွယ်ဖြစ်သည်။

ဆရာကြီးသည် လူမှုထူးချွန်(ဒုတိယဆင့်)ကို ထပ်ဆင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးဥက္ကဋ္ဌတာဝန်အပြင် ရာသက်ပန်နာယကအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ဆရာကြီးကွယ်လွန်ချိန်တွင် အသက်(၈၄)နှစ်ရှိပြီး သားသမီး ခြောက်ဦး၊ မြေး ခြောက်ဦးနှင့် မြစ် တစ်ဦးကျန်ရစ်သည်။ ထင်ရှားကျော်ကြားသော ပန်းချီအနုပညာရှင်ကြီး ကွယ်လွန်သွားသဖြင့် ကြေးမုံက အထူးနှမြောတသဝမ်းနည်းကြေကွဲမိပါသည်။

## စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာပေးဆွေးနွေး

**နေပြည်တော် မေ ၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်လယ်ယာဇုန ၃၀၀၀ စံပြ စိုက်ကွင်းရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် အရည်အသွေးမီစပါးများ ထွက်ရှိစေရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စပါးသီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းက တောင်သူများကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရန်အတွက် Call Centre ဖွင့်လှစ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်တောင်သူများက စိုက်နည်းစနစ်၊ ပိုးမွှားအန္တရာယ်များ၊ အထွက်နှုန်းကောင်းမွန်မှုနှင့် ဈေးကွက်အခြေအနေများကို မေးမြန်းဆွေးနွေးကြရာ စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **(သန့်မောင်)**

ကြေးမုံ





# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မေ ၄**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးစောဇယ်လင်တိုင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဦးစားပေးမူဝါဒ(၃)ရပ်၊ စာရင်းစစ်ကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ စာရင်းနှင့် စာရင်းစစ်ပြပွဲ ကျင်းပခြင်း၊ အသင်းအဖွဲ့များနှင့် MoU ရေးထိုးဆောင်ရွက်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဝန်ထမ်းများ၏ အရည်အချင်း တိုးတက်မြင့်မားရေးအတွက် သင်တန်းပို့ချမှု၊ စစ်ဆေးရေးလုပ်ငန်းများနှင့် အစီရင်ခံတင်ပြမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးစောဇယ်လင်တိုင်းက ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အဓိကစံတန်ဖိုးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်ကြားမှု၊ သင်ယူမှုပုံစံများပြောင်းလဲမှု၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီဖွင့်လှစ်မှု၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာစတင်ဖွင့်လှစ်မှု၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်ဆောင်ရွက်နေမှု၊ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ဥပဒေအကြံဉာဏ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တရားစွဲဆိုခြင်းနှင့် အမှုလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဥပဒေအရာရှိများ အဂတိကင်းရှင်းရေးဆောင်ရွက်နေမှု၊ ဥပဒေဘာသာပြန်လုပ်ငန်းဆောင်ရွက်နေမှု၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများက **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များ**နှင့်ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စာရင်းစစ် စစ်ဆေးတွေ့ရှိမှု၊ စာရင်းကွာဟမှုနှင့် မကိုက်ညီမှုများတွင် အရေးယူဆောင်ရွက်ခဲ့မှု၊ စာရင်းစစ်များ တိုင်ကြားခံရမှုများတွင် အရေးယူဆောင်ရွက်ခဲ့မှု၊ စာရင်းများ စစ်ဆေးရာတွင် Counter စစ်ဆေးခြင်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များ**နှင့်ပတ်သက်၍ ပြည်သူ့ဝန်ထမ်းများ ရာထူး၊ ဌာနပြောင်းရွှေ့နေမှု၊ နိုင်ငံ့ဝန်ထမ်းများအား စစ်တမ်းကောက်ယူနေမှု၊ ဝန်ထမ်းအပြောင်းအရွှေ့များတွင် ပင်စင်လစာခံစားခွင့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်ကြားရေးစနစ်များ ပြောင်းလဲနေမှုတို့ကိုလည်းကောင်း၊ **ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များ**နှင့်ပတ်သက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေးဥပဒေကြမ်း ဆောင်ရွက်ပြီးစီးမှု၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အား ပြင်ဆင်ဆောင်ရွက်နေမှု၊ ဥပဒေအရာရှိများ အဂတိလိုက်စားမှုကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှု၊ တရားစီရင်ရေးစနစ် မှန်ကန်ရေးအတွက် ပါဝင်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။



**(သတင်းစဉ်)**

# ယခုလာမည့် စာရင်းစစ်ဆေးမှုများတွင် ကဏ္ဍပေါင်းစုံအား ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးသွားမည်

**နေပြည်တော် မေ ၄**

စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Lima Declaration နှင့် Mexico Declaration အရ ဆောင်ရွက်ရာ၌ Financial Audit, Compliance Audit, Performance Audit (Value for Money Audit) ဟုခေါ်သည့် သုံးစွဲသည့်ငွေကြေးသည် တန်ရာတန်ကြေးရ၊ မရ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး ပယောဂကင်းစွာ၊ ဘက်လိုက်မှုကင်းစွာ၊ ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးခြင်းဖြစ်ရန်အတွက် လွတ်လပ်စွာ (Independent) စစ်ဆေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် Professional Ethics များဖြစ်သည့် Integrity, Competence, Diligence, Confidentiality, Public Interest တို့ကို လိုက်နာကျင့်သုံးဆောင်ရွက်ရပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဦးစားပေးမူဝါဒ(၃)ရပ်မှာ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကောင်းမွန်လာစေရေး၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ (၂)ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာစာရင်းစံ၊ နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရေးနှင့် စာရင်းပညာခေတ်မီတိုးတက်ရေးတို့ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပြင်ဆင်ခြင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပြင်ဆင်ခြင်း၊ The Public Accountants Default Act ရုပ်သိမ်းခြင်း၊ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာစာရင်းစံနှင့်အညီ ကျင့်သုံးရေးဆောင်ရွက်ခြင်း၊ အစိုးရငွေစာရင်းထားနည်းစနစ်ကို Cash Basis မှ Accrual Basis သို့ ကူးပြောင်းရန် ဆောင်ရွက်ခြင်း၊ CPA ဝင်ပေါက်တိုးချဲ့ဆောင်ရွက်ခြင်း၊ ယင်းအပိုင်းတွင် ယခင်က CPA သင်တန်းသို့ B.Com ဘွဲ့ရ၊ အမှတ်များသူ Fresh Graduate များကိုသာ တက်ရောက်ခွင့်ပြုသည့်စနစ်မှ ဝင်ပေါက်ချဲ့ထွင်ပေးသည့်အနေဖြင့် သင်တန်းအမှတ်စဉ်(၄၂)တွင် B.Com, B.Act, BBA ဘွဲ့နောက်ဆုံးနှစ်စာမေးပွဲတွင် မဟာတန်းတက်ရောက်ခွင့်ရသူ Fresh Graduate များနှင့် DA (ဒုတိယအပိုင်း) ထူးချွန်စွာအောင်မြင်သူများကို တိုက်ရိုက်တက်ရောက်ခွင့်ပေးခဲ့ပြီး ဘွဲ့တစ်ခုခု ရရှိသူများကို ဝင်ခွင့်စာမေးပွဲဖြင့် ရွေးချယ်ပြီး သင်တန်းတက်ရောက်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် ပြည်ပဘွဲ့ရမြန်မာနိုင်ငံသားများကို CPA အဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း၊ MICPA အသင်းကို AFA တွင် Primary Member အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံစာရင်းကိုင်များအဖွဲ့ (ASEAN Federation of Accountants) တွင် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းကို Primary Member အဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတွင် မြန်မာနိုင်ငံစာရင်းကောင်စီသည် Professional Regulatory Authority နှင့် National Accountancy Body အဖြစ် ဆောင်ရွက်ခဲ့သဖြင့် အာဆီယံစာရင်းကိုင်များအဖွဲ့- AFA ၏ Primary Member အဖြစ် ပါဝင်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့် အာဆီယံစာရင်းကိုင်များအဖွဲ့တို့၏ ပြဋ္ဌာန်းချက်များအရ AFA Primary Member အဖြစ် မြန်မာနိုင်ငံစာရင်းကောင်စီအစား မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းကို ပြောင်းလဲသတ်မှတ်ပေးရန် လိုအပ်လာခြင်းကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို Primary Member အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း။

အသင်းအဖွဲ့များနှင့် MoU ရေးထိုးဆောင်ရွက်နိုင်မှုအနေဖြင့် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံး (OAGN) နှင့် ပူးပေါင်းဆောင်ရွက်ရန် ငါးနှစ်သက်တမ်းရှိ MoU ရေးထိုးခဲ့ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် OAGN, World Bank, ADB, EU တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ထမ်းများ၏ အရည်အချင်းတိုးတက်မြင့်မားရေးအတွက် သင်တန်းပို့ချရာတွင် CPA သင်တန်း၊ DA သင်တန်း၊ ဌာနတွင်း ကျွမ်းကျင်မှုသင်တန်း၊ အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ အလယ်အလတ်အဆင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများအပြင် အခြားဝန်ကြီးဌာနများတွင် ဖွင့်လှစ်သော သင်တန်းများ၊ ဗ. ဝ. တ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ ဗ. ဝ. တ အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် အခြားဌာနအဖွဲ့အစည်းများမှ ဖွင့်လှစ်သော သင်တန်းများတွင်လည်း သင်ခန်းစာများပို့ချနိုင်ခဲ့ပါကြောင်း။

ထို့ပြင် စာရင်းစစ်ချုပ်သည် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့် MoU ရေးထိုးခြင်း၊ UAE အဘူဒါဘီတွင် XXII INCOSAI Conference 2016 တက်ရောက်ခြင်း၊ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့တွင် IPSAS အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း၊ ဂျပန်နိုင်ငံ မတည်ရင်းနှီးငွေများ ဈေးကွက်ကိုင်တွယ်ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှု လေ့လာခြင်းများ ပြုလုပ်ခဲ့ပါကြောင်း။

စာရင်းစစ်ချုပ်ရုံးအနေဖြင့် စာရင်းစစ်ရုံး ၃၈၆ ရုံး၊ ဝန်ထမ်းအင်အား ၅၂၀၂ ဦးဖြင့် စစ်ဆေးရမည့်အဖွဲ့အစည်း ၁၅၁၇၇ ခုတို့အား ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ စည်းမျဉ်း၊ စည်းကမ်းလိုက်နာမှုစစ်ဆေးခြင်းနှင့် Economy၊ Efficiency၊ Effectiveness စသည့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ဖြေကြားသည်။ **အဂတိတရားကင်းရှင်းရေး**နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် စာရင်းစစ်ပညာရှင်များ၏ ကျင့်ဝတ်များအနက် သမာဓိနှင့် ကိုယ်ကျင့်တရားသည် အဓိကဖြစ်ပါကြောင်း၊ သူ့ဘက်ကိုယ့်ဘက် မျှမျှတတရှိရန်နှင့် သန့်ရှင်းမှု ရှိရန်လည်းလိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုတွင် ငွေကြေးယူဆောင်ခြင်း တစ်ခုတည်းကို အဂတိဟုပြော၍ မရပါကြောင်း၊ ရုံးအဖွဲ့အစည်းတစ်ခုအတွင်း လူတစ်ဦးတစ်ယောက်ကို မျက်နှာသာပေးဘက်လိုက်ခြင်းသည်လည်း အဂတိ လိုက်စားမှုဖြစ်ပါကြောင်း၊ မိမိဝန်ထမ်းများထဲမှ အဂတိလိုက်စားမှု သတင်းထွက်ပေါ်လာပါက မိမိတို့သည် တိုင်းပြည်ကောင်းကျိုးအတွက် လုပ်ဆောင်ရမည်ဟု အသိပေးစည်းရုံးလုပ်ဆောင်နေပါကြောင်း ဖြေကြားသည်။

**စာရင်းစစ်ခြင်းများ အပြန်အလှန်စစ်ဆေးရန်ကိစ္စ** မေးခွန်းကို ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများအား စစ်ဆေးရန် စာရင်းစစ်ဆေးရေးအဖွဲ့ ရှစ်ဖွဲ့မှ ဝန်ကြီးဌာနများအလိုက် တာဝန်ပေးစစ်ဆေးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် စာရင်းစစ်အဖွဲ့တစ်ဖွဲ့အား လေးနှစ်တာဝန်ပေးပြီးပါက ဆက်လက်တာဝန်ချထားခြင်းမရှိဘဲ အခြားအဖွဲ့ကို တာဝန်ပေးစစ်ဆေးရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများအား စာရင်းစစ်ဆေးနေသည့်အဖွဲ့များကို ပြန်လည်ပြောင်းလဲစစ်ဆေးရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စုဝန်ကြီးဌာနများ၏ ငွေကြေးသုံးစွဲမှုအား ပြန်စစ်ရန် ရှိ၊ မရှိ** နှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ယခင် ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာအသုံးပြုမှုများနှင့်စပ်လျဉ်းသည့် စာရင်းစစ်ချုပ် သုံးသပ်ချက် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ဆေးခြင်းရလဒ်များကိုလည်း တင်ပြထားပါကြောင်း၊ ယခင် ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှု အစီရင်ခံစာအရ ဝန်ကြီးဌာနများ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များသည် ကောင်းမွန်၍ အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည်စစ်ဆေးရန် လိုအပ်ပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စာရင်းစစ်ဆေးရေး**နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စာရင်းစစ်ဆေးမှုတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ လာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ စာရင်းစစ်ဆေးမှုနည်းဗျူဟာကို ပြောင်းလဲထားပါကြောင်း၊ နည်းဗျူဟာအရ ယခုလာမည့် စာရင်းစစ်ဆေးမှုများတွင် ကဏ္ဍပေါင်းစုံအား ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတော်ဘဏ္ဍာ(ဘတ်ဂျက်) အသုံးပြုမှုကို အဓိကထား စစ်ဆေးဆောင်ရွက်ရပါကြောင်း ဖြေကြားသည်။

**(သတင်းအဖွဲ့)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ပြည်သူ့ဝန်ထမ်းများအတွက် လိုအပ်သည့်ဘာသာရပ်များကိုသာ တိုးချဲ့သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရည်မှန်းချက်မှာ ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်သူဟူသည့် စိတ်ဓာတ်မျိုး ထားရှိနိုင်ရေးနှင့် ပိုမိုကောင်းမွန်သော Service Delivery ပေးနိုင်သော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးရန် ဖြစ်ပါကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ဦးစောဗယ်လင်တိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် သင်ကြားမှု၊ သင်ယူမှုပုံစံများ ပြောင်းလဲရာတွင် အခြေခံစစ်ပညာသင်ကြားခြင်း မပြုတော့ဘဲ စစ်ပညာပို့ချချိန်များ၌ စာပေပညာ ဘာသာရပ်ပို့ချချိန်များကို အစားထိုးပို့ချနိုင်ရေး ဆောင်ရွက်ခြင်း၊ ယခင်ဖွဲ့စည်းထားရှိသည့် ပညာရပ်ဌာန ခြောက်ခုအနက် စစ်ပညာဌာနကိုချန်လှပ်ပြီး စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေး ပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာ ဌာနစသည့် ပညာရပ်ဌာန ငါးခုအပြင် အင်္ဂလိပ်ဘာသာပညာဌာနနှင့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)ဌာနတို့ကို တိုးချဲ့၍ စုစုပေါင်းဌာန ခုနစ်ခု တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သမိုင်းမှတ်တိုင်သစ်တစ်ခုအနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ(Civil Services Academy-CSA)ကို တစ်ပြိုင်တည်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Post-Graduate Diploma in Civil Service Management- PGDCSM)သင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ပြန်တမ်းဝင် အရာရှိစတင်ခန့် ဝင်ပေါက်များအတွက် ဘွဲ့လွန်ဒီပလိုမာ(Post-Graduate Diploma)၊ အလယ်အလတ်အဆင့် အရာထမ်းများ (ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ)အတွက် အဆင့်မြင့်ဒီပလိုမာ (Advanced Diploma)နှင့် အဆင့်မြင့်အရာထမ်းများ (ညွှန်ကြားရေးမှူးနှင့်အထက်) အတွက် မဟာဘွဲ့(Master Degree)သင်တန်းများ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လတွင် အဆင့်မြင့်ဒီပလိုမာသင်တန်း (Advanced Diploma)နှင့် မဟာဘွဲ့သင်တန်း(Master Degree)များ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၅၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး ပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့် အဆိုပါဥပဒေတွင် ပုဒ်မပေါင်း(၂၀) အား ပြင်ဆင်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အကျိုးရလဒ်များအနေဖြင့် ဝန်ထမ်း၏အရည်အချင်းနှင့် လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားမှုအပေါ် မူတည်၍ ရာထူးတိုးမြှင့်ခံစားပိုင်ခွင့်ရှိကြောင်း ပွင့်လင်းမြင်သာစွာသိရှိစေပြီး ပင်စင်ခံစားရာတွင် နိုင်ငံတော်အတွက် လုပ်သက် နှစ်(၃၀)ကာလအထိ တာဝန်ကျေပွန်စွာဖြင့် ထမ်းရွက်ပေးခဲ့ကြသော နိုင်ငံ့ ဝန်ထမ်းများအား (၅၅)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဟူသော အသက်ကန့်သတ် ထားမှုကို ပယ်ဖျက်ခဲ့၍ ၎င်းတို့၏ မိသားစုပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို ရရှိစေပါကြောင်း။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကျိုးရလဒ်များအနေဖြင့် ရာထူး တိုးမြှင့်ခန့်ထားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုရှင်းလင်းစွာ ဆောင်ရွက်လာ နိုင်ခြင်း၊ လုပ်သက်ခွင့်ကို နှစ်လအထိ ဆက်လက်စုဆောင်း ခွင့်ပြုမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် ပြက္ခဒိန်နှစ်စတွင် လုပ်သက်ခွင့်ခံစားရန် အခက်အခဲ မရှိနိုင်ခြင်းကြောင့် ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ တို့တွင် ထိရောက်စွာ ထောက်ကူပံ့ပိုးကူညီနိုင်ခြင်း၊ ဇနီးသည်ဝန်ထမ်းမဟုတ်သော အမျိုးသားဝန်ထမ်းများအတွက်လည်း ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တ နှစ်ပတ်ကို ခံစားခွင့်ရှိလာနိုင်ခြင်းတို့ကို ရရှိမည်ဖြစ်ပါကြောင်း ဦးစော ဗယ်လင်တိုင်းက ပြောကြားသည်။

ဆက်လက်၍ ဒေသစရိတ်ခံစားခွင့်ရှိသော ဒေသများကို ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းပေါ်မူတည်၍ ပြင်ဆင်သတ်မှတ်နိုင်စေရန် စကားရပ်ပြင်ဆင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများမှ အလွယ်တကူ ဆောင်ရွက်လာနိုင်ခြင်း၊ ဝန်ထမ်းများအား အကဲဖြတ်မှတ်တမ်း ရေးခြင်း၊ တန်းစီဇယားများရေးဆွဲခြင်းတို့ကို ပုံစံများထည့်သွင်းသတ်မှတ်ပေး ခြင်းဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းအားလုံး တစ်ပြေးညီ လိုက်နာကျင့်သုံး ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေပြု၍ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရန် အကဲဖြတ်အမှတ်ပေးရာတွင် တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၁၇ ကို ထုတ်ပြန်ခဲ့ပြီး ဗဟိုအဖွဲ့ရုံးများ၊ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ရုံးများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း

ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူး ရာထူးတိုးမြှင့်ခြင်းဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၆ ရက်အထိ ဝန်ကြီးဌာန/အဖွဲ့အစည်း ၃၂ ခု၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု စုစုပေါင်း ၄၆ ခုမှ ဒုတိယညွှန်ကြားရေးမှူး ၅၅၅၄ ဦးနှင့် ညွှန်ကြားရေးမှူး ၂၄၅၃ ဦး လက်ခံရရှိပါကြောင်း၊ ရာထူးတိုးမြှင့် ပေးရန် တန်းစီဇယားမှ ရာထူးတိုးမြှင့်ခြင်းတွင် ဒုတိယညွှန်ကြားရေးမှူးရာထူး အဆင့်မှ ညွှန်ကြားရေးမှူး ရာထူးအဆင့်သို့ ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၃ ခုမှ ၁၅၇ ဦး၊ ညွှန်ကြားရေးမှူး ရာထူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးအဆင့်သို့ ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၁ ခုမှ ၃၄ ဦး တန်းစီဇယားအား ကျော်လွှား၍ အထူးကိစ္စတစ်ရပ်ဖြင့် ရာထူးတိုးမြှင့်ပေးခြင်းအနေဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်း သုံးခုမှ ခြောက်ဦးဖြစ်ပါကြောင်း။

ဝန်ကြီးဌာန/အဖွဲ့အစည်းများအတွက် အရည်အသွေးပြည့်ဝသည့် ပြန်တမ်းဝင်အရာထမ်းလောင်းများ ရွေးချယ်ပေးခြင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၂၀၆၆ နေရာ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန လေးခုမှ ၁၁၂ နေရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နေရာ ၅၀၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၃ ခုမှ ၂၅၈ နေရာ စုစုပေါင်း ၂၄၈၆ နေရာဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲခြင်းအတွက် နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ရာတွင် ယခင်က Semi-Regimental Training Approach မှ Education and Competency Training Approach သို့ ပြောင်းလဲ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းကိုလိုက်၍ ချီးမြှင့် မြှောက်စားရေး၊ နိုင်ငံ့ဝန်ထမ်းများ ကျင့်ဝတ်သိက္ခာ မြင့်မားရေး၊ နိုင်ငံ့ဝန်ထမ်း စနစ် ပြုပြင်ပြောင်းလဲရေး၊ မဟာဗျူဟာစီမံချက်များရေးဆွဲရေး၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များတွင် သင်ကြားလျက်ရှိသော Curriculum, Syllabus များကို နိုင်ငံတကာအဆင့်မီ နောက်ဆုံးအခြေအနေနှင့်အညီဖြစ်စေရေး၊ ပြည်သူ့ ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန် လေ့ကျင့်မှုနည်းစနစ် ပိုမို အားကောင်းစေရေး၊ အစိုးရဌာန/အဖွဲ့အစည်းအသီးသီးအား ပိုမို အထောက် အကူပြုပေးနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ပေါက်စေရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်လျက်ရှိပါ ကြောင်း ဦးစောဗယ်လင်တိုင်းက ပြောကြားသည်။

**ထို့နောက် သတင်းမီဒီယာများက ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းနှင့် တာဝန်ရှိသူများက ဖြေကြားကြသည်။**

**အစိုးရသစ်လက်ထက် ဌာနဆိုင်ရာ အပြောင်းအရွှေ့များ**နှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် တပ်မတော်မှ ဌာနဆိုင်ရာသို့ ပြောင်းရွှေ့လာခြင်းသည် ယခုအချိန်တွင် မရှိသလောက် နည်းပါးသွားပြီဖြစ်ပါကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လိုအပ်ချက်အရ တောင်းခံလာပါကလည်း လိုအပ်သော အရည်အချင်းများနှင့်ကိုက်ညီသည့် တပ်မတော်သားများကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် စီစဉ်ပေးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာနတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရာတွင် သတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြောင်းရွှေ့ရပါကြောင်း၊ ထိုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းကို အဆင့်ဆင့်တင်ပြရပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ အဆုံးအဖြတ်ကိုလည်း ရယူရပါကြောင်း ဖြေကြားသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာသို့ ၂၂ ဦး ပြောင်းရွှေ့ခြင်း**နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ပြောင်းရွှေ့သည့် ရာထူး အဆင့်အတန်းမှာ ဗိုလ်ကြီး၊ ဗိုလ်မှူးများ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ မိသားစုဘဝ ဆက်လက်ရပ်တည်နိုင်ရေးနှင့် စိတ်ခွန်အားပေးနိုင်ရေးအတွက် ယခင်အစိုးရ လက်ထက်က စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလည်း ရာထူးဝန်အဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ရာတွင်လည်း ဝန်ကြီးဌာန သတ်မှတ်ချက်မထားဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ညှိနှိုင်း၍ လစ်လပ်သည့်နေရာများသို့ စိစစ်၍ နေရာချထားပေးခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

**နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏အမြင် စစ်တမ်းကောက်ယူခြင်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ဌာနအတွင်း မည်မျှယုံကြည် အားထားရသည်ကို သိရှိနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူ့ဝန်ထမ်းများအတွင်း စစ်တမ်းကောက်ယူခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက် ၍ ပြည်သူများအနေဖြင့် ဝန်ထမ်းများအပေါ် မည်သို့သဘောထားသည်ကို သိရှိလိုသည့်အတွက် စစ်တမ်းကောက်ယူရန် စီစဉ်နေပါကြောင်း၊ အဆိုပါ စစ်တမ်းကောက်ယူမှုကို ၂၀၁၇ ခုနှစ်အတွင်း မိသားစု ၂၀၀၀ ခန့်မှ ကောက်ယူ သွားရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

**ဝန်ထမ်းပြောင်းရွှေ့မှုတွင် ပင်စင်ခံစားခွင့်** နှင့်စပ်လျဉ်း၍ ပြည်သူ့ဝန်ထမ်း များအနေဖြင့် ဌာနပြောင်းရွှေ့တာဝန်ထမ်းရာတွင် မူလဌာနမှ ပင်စင်လစာခံစားခဲ့ သည်များရှိသကဲ့သို့ မူလဌာနမှ ဝန်ထမ်းလုပ်သက်အား ဆက်လက်ပေါင်းယူ ၍ ရောက်ရှိရာဌာနတွင် ပင်စင်ယူခြင်းဟူ၍ ရှိပါကြောင်း ဖြေကြားသည်။

**ပြည်ထောင်စုနယ်မြေတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းကို ဖြေကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်ဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ အမြဲတမ်း အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်အဆင့်များအတွက် သင်တန်းကျောင်း တစ်ခု ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပါကြောင်း၊ အဆိုပါသင်တန်းကျောင်းသို့ သင်တန်းသား ၂၀၀ ခန့် တက်ရောက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြည်သူ့ဝန်ထမ်းအရေအတွက်**နှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးတွင် ပြည်သူ့ဝန်ထမ်းဦးရေ ကိုးသိန်းကျော် ရှိပါကြောင်း၊ ယခုအခါ ဗဟိုဝန်ထမ်း တက္ကသိုလ်များ၌ စစ်ပညာဘာသာရပ်အား သင်ကြားပေးခြင်းမရှိဘဲ ပြည်သူ့ ဝန်ထမ်းများအတွက် လိုအပ်သည့်ဘာသာရပ်များကိုသာ တိုးချဲ့သင်ကြားပေး လျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ပခုက္ကူမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်

**ပခုက္ကူ မေ ၄**

ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေ စခန်း(ပုဂံ)၌ ရောက်ရှိနေသည့် အဌမတန်း ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် အတွင်းရှိ ဘုရားများကို သွားရောက် ဖူးမြော်ပြီး အထင်ကရနေရာများအား လေ့လာခဲ့ကြသည်။

ရှေးဦးစွာ ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများသည် ပခုက္ကူမြို့ရှိ တန်ခိုးကြီး ပခုက္ကူ သီဟိုဠ်ရှင်ဘုရား၊ ရွှေမုဋ္ဌောဘုရား၊ ပုခန်းကြီးစည်သူရှင် သရက္ခန်ဘုရား များကို သွားရောက်ဖူးမြော်ကြပြီး ပုခန်းကြီးရှေးဟောင်း ကျောင်းတော် ကြီးကို သွားရောက်လေ့လာ သည်။



ညပိုင်းတွင် ဘက်စုံထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)၏ စခန်းသိမ်းပွဲ အခမ်းအနားကို ဘက်စုံထူးချွန် လူငယ်အပန်းဖြေစခန်းအခြေချရာ မြန်နန်းဘုံ ROYAL EMERALD RIVER VIEW RESORT ၌ ကျင်းပသည်။ **(နိုင်လင်းကြည်)**

# ယခုနှစ်နွေရာသီအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် နွေရာသီ ဓာတ်အားအမြင့်ဆုံးသုံးစွဲခဲ့မှု ၂၇၃၆ မဂ္ဂါဝပ်ကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ ရုံ (၁၇၈၁ မဂ္ဂါဝပ်)နှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၄ ရုံ (၉၅၅ မဂ္ဂါဝပ်)မှ ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။

သို့ရာတွင် ၂၀၁၇ ခုနှစ် နွေရာသီကာလ၌ ရာသီဥတုပူပြင်းမှုအခြေအနေအရ လျှပ်စစ်ဓာတ်အားသုံးစွဲလာမှု တိုးမြင့်လာပြီး သုံးစွဲမှုပမာဏမှာ ၃၁၀၀ မဂ္ဂါဝပ်ခန့်ဖြစ်ပေါ်လျက်ရှိသည်။ လက်ရှိဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်နိုင်မှုမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံမှ (၂၁၁၉ မဂ္ဂါဝပ်)နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ ၁၄ ရုံမှ (၈၇၄ မဂ္ဂါဝပ်) စုစုပေါင်း ၂၉၉၃ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် ဇောတိက၊ ရွှေနှင့် ရတနာကမ်းလွန်များမှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၄၀၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိပြီး မေ ၂ ရက်တွင် ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှ Emergency Shutdown ဖြစ်၍ ကုဗပေသန်း ၁၀၀ ခန့်အား ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသော အခြေအနေဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၄၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းမှု ယာယီဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါ လျော့နည်းသွားသည့် ၄၀၀ မဂ္ဂါဝပ်အား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် တိုးမြှင့် ထုတ်လုပ်ပေးလျက်ရှိသည်။ သို့ရာတွင် ယခုနှစ် နွေရာသီတွင် ရာသီဥတုပူပြင်းလာမှုကြောင့် ဓာတ်အား သုံးစွဲမှုတိုးတက်များပြားလာပါသဖြင့် အဆိုပါဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့သည် အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန် ဆန္ဒရှိကြသည့်အားလျော်စွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘက်မှ သံရုံးအဆင့်ဖြင့်လည်းကောင်း၊ ဗာတီကန်မြို့ပြနိုင်ငံဘက်မှ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ရုံးအဆင့်ဖြင့်လည်းကောင်း သံတမန်အဆက်အသွယ်ထူထောင်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် စတင်ထူထောင်ကြောင်း ပူးတွဲကြေညာချက်ကို ၂၀၁၇ ခုနှစ် မေ ၄ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး Pope Francis တို့ ဗာတီကန်နန်းတော်၌ တွေ့ဆုံမှုအပြီးတွင် ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗာတီကန်မြို့ပြနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၈)နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံဖြစ်သည်။

**(သတင်းစဉ်)**

# ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)အား အာမခံပေးရမည့်အမှုအဖြစ် သတ်မှတ်နိုင်သည်ကို စိစစ်အကြံပြုထား

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့၏ မျှော်မှန်းချက်များမှာ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာစေရေးအတွက် တရားမျှတမှု၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဥပဒေအရရပိုင်ခွင့်များ၊ အခွင့်အရေးများနှင့် တာဝန်များကို ကာကွယ်စောင့်ရှောက်ပေးပြီး ပြည်သူများလေးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန်၊ ဒေသတွင်း အကောင်းဆုံးလုပ်ဆောင်နိုင်သော စံပြအဖွဲ့အစည်းတစ်ခုဖြစ်လာစေရန်ဖြစ်ပါကြောင်း အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က ဥပဒေများ စိစစ်ရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များအနေဖြင့် ဝန်ကြီးဌာနများမှ ပေးပို့သော ဥပဒေ(မူကြမ်း) ၁၂၂ ခု၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း (မူကြမ်း) ၁၅၈ ခုကို စိစစ်အကြံပြုခဲ့ပါကြောင်း၊ ဥပဒေ ၈၈ ခုကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ခဲ့ပါကြောင်း။

တစ်နှစ်တာကာလအတွင်း အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာနှင့် သက်ဆိုင်သည့်ကိစ္စ ၅၇၄ ခု၊ အစိုးရဌာနနှင့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများချုပ်ဆိုသော စီးပွားရေးစာချုပ်စာတမ်း ၇၄၅ ခု၊ အထွေထွေ ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စ ၂၉၁ ခုတို့ကို စိစစ်အကြံပြုခဲ့ပါကြောင်း ပြောကြားသည်။

ထို့ပြင် ရာဇဝတ်မှုများကို တရားမစွဲမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါခြင်းများဆောင်ရွက်ပြီး အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုတွင် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လျှောက်ထားသည့် စာချွန်တော် အမိန့်လျှောက်ထားမှုများတွင် နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် နိုင်ငံတော်ဘက်မှလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ရုံးသဟာယအဖြစ်လည်းကောင်း လိုက်ပါဆောင်ရွက်ခြင်း၊ ရာဇဝတ်မှုများကို တရားစွဲဆိုခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ရာတွင် အမှုများ ကြန့်ကြာမှုမရှိစေရေးအတွက် အမှုမှ အဓိကကျသည့်သက်သေများ ရုံးရှေ့ရောက်ရှိရန် ဆင့်ခေါ်ရေး၊ မလိုအပ်ဘဲ ရုံးချိန်းရက်ကိုခွာ၍ ချိန်းဆိုမှုမပြုရေးတို့ကို သက်ဆိုင်ရာတရားရုံး၊ တရားစွဲအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားမစွဲမီ ဥပဒေအကြံဉာဏ်များအား ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိစေဘဲ တရားစွဲအဖွဲ့အစည်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အမှုရုပ်သိမ်းခြင်းကိုလည်း ကြန့်ကြာမှုမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။



အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်။

တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှု တိုးတက်မြင့်မားလာစေရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၂၀၁၅ -၂၀၁၉ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခြင်း၊ ပြည်ပနည်းပညာများ ရယူရန်အတွက် JICA၊ KOICA၊ IDLO၊ MLAW Singapore တို့နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး UNDP USAID တို့ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရသစ်လက်ထက်တွင် ဒိန်းမတ်သံရုံးနှင့် နားလည်မှုစာချွန်လွှာ ရေးထိုး၍ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စွမ်းဆောင်ရည်မြင့်မားသော ဥပဒေအရာရှိများဖြစ်စေရန် လိုအပ်သော ဖြည့်ဆည်းဆောင်ရွက်မှုပေးရမည့် အချက်များသိရှိစေရန်အတွက် ဆက်စပ်အဖွဲ့အစည်းများဖြစ်သော တရားစီရင်ရေးဆိုင်ရာအဖွဲ့များနှင့် တွေ့ဆုံ၍ စစ်တမ်းကောက်ယူပြီး သုတေသနပြု၍ သင်တန်းများပေးခြင်း၊ ဥပဒေအရာရှိများ၏ ပညာရပ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးစေရန်နှင့် အမှုများကြန့်ကြာမှုမရှိစေရေးအတွက် တစ်စုတည်းပေါင်းစပ်ထားသော အမှုစီမံခန့်ခွဲမှုနှင့် စာရင်းဇယား ကိန်းဂဏန်းအချက်အလက် အစီရင်ခံစာများကို နည်းပညာအသုံးပြုပြီး ဆောင်ရွက်သော (Case Management) စနစ်ကို USAID နှင့်ပူးပေါင်း၍ Pilot Law Office များ ထူထောင်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉)၏ ပထမဦးစားပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာ ရေးသားပြုစုပြီးဖြစ်ပါ၍ ထုတ်ဝေဖြန့်ချိရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း ဖြစ်ပါကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မေးမြန်းရာ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့်တာဝန်ရှိသူများက ဖြေကြားကြသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်က အဆိုပါဥပဒေမူကြမ်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ နှစ်ကြိမ်ပေးပို့ခဲ့ပါကြောင်း၊ ရှေ့နေချုပ်ရုံးအနေဖြင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကြံပြုချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေမူကြမ်းရေးဆွဲရာတွင် နိုင်ငံတကာစံနှုန်းများအတိုင်း ရေးဆွဲသော်လည်း နိုင်ငံ၏ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်ကွဲပြားသည့် အချက်များပါဝင်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ကွဲလွဲချက်များကို ဝန်ကြီးဌာနသို့ အကြံပြုပြန်ကြားရာတွင်လည်း ထည့်သွင်းဖော်ပြထားပါကြောင်း၊ ယင်းဥပဒေကြမ်းအား ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်သို့ ဆက်လက်ပေးပို့ဆွေးနွေးသွားမည်ကို သိရှိရပါကြောင်း ဖြေကြားသည်။

ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ပြင်ဆင်ရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ယင်းဥပဒေကို ပြန်လည်ပြင်ဆင်နိုင်ရန် ဥပဒေကြမ်းအား ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ လိုအပ်သည့် အကြံပြုချက်များကို ပြန်လည်ပေးပို့ထားပါကြောင်း၊ အကြံပြုချက်များတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)အား အာမခံပေးရမည့်အမှုအဖြစ် သတ်မှတ်နိုင်သည်ကို စိစစ်အကြံပြုထားပါကြောင်း ဖြေကြားသည်။

တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ရေးနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် တရားစီရင်ရေးကဏ္ဍတွင် ဥပဒေရုံးများ၌ အဂတိတရား ကင်းရှင်းရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားပါကြောင်း၊ ထို့ပြင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေအရာရှိများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်စာအုပ်အား ရေးဆွဲထားပြီး မကြာမီထုတ်ဝေပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဥပဒေအရာရှိများ မြေပြင်ကွင်းဆင်းစစ်ဆေးရန်နှင့်စပ်လျဉ်း၍ ဥပဒေအရာရှိများ မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ရန် စီစဉ်နေပါကြောင်း၊ နိုင်ငံတကာဥပဒေအရာရှိများနှင့် တွေ့ဆုံဆွေးနွေးပွဲများ၌လည်း အဆိုပါကိစ္စနှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို ရရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ဥပဒေများအား ပြန်လည်လေ့လာသုံးသပ်လျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းအဖွဲ့)**

# ရဲမေနှစ်ဦးစီးလာသောဆိုင်ကယ်နှင့် ၁၀ ဘီးယာဉ် မျက်နှာချင်းဆိုင်တိုက်မိရာမှ ရဲမေနှစ်ဦးသေဆုံး

**နေပြည်တော် မေ ၄**

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် မေ ၄ ရက် ညနေ ၄ နာရီခွဲခန့်က ရေဆင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅၄/၇)တွင် ရဲမေ နှစ်ဦးစီးလာသော ဆိုင်ကယ်နှင့် ၁၀ ဘီးယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ရဲမေနှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဥတ္တရခရိုင်တရားရုံး ထုတ်တာဝန်ပြီးဆုံး၍ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်း မြို့မရဲစခန်းသို့ ပြန်လာသော ရဲတပ်သား မိုးပွင့်ဖြူ မောင်းနှင်ပြီး ၎င်းနောက်မှ ရဲတပ်သားခင်သီရိလှိုင် လိုက်ပါလာသော ၅၀ယ/----- CZI-125 အမျိုးအစား အနက်ရောင် ဆိုင်ကယ်နှင့် တပ်ကုန်းဘက်မှ ပျဉ်းမနားဘက်သို့ ယာဉ်မောင်း ကိုညွန့်ဝင်း(၄၆)နှစ် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေဥက္ကံရပ်ကွက်နေသူ မောင်းနှင်လာသည့် 6B/---- Nissan UD ၁၀ ဘီးယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ ရဲတပ်သား မိုးပွင့်ဖြူမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ရဲတပ်သား ခင်သီရိလှိုင်မှာ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ အရောက်တွင် ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**(ရွှေဆူး)**



# ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများကို ဖွင့်လှစ်နိုင်ခဲ့ပြီး ပထမအကြိမ် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ ချီးမြှင့်အပ်နှင်းခြင်းဖြစ်



**ရန်ကုန် မေ ၄**

အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁) ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်ပြီး ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူ ၂၀ ကို ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်အပ်နှင်းပြီး ပါမောက္ခချုပ်က သင်တန်းသား သင်တန်းသူ ၄၁ ဦးကို ဘွဲ့လွန်ဒီပလိုမာ ဘွဲ့လက်မှတ်အပ်နှင်းသည်။ ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသား သင်တန်းသူ သုံးဦးအား စံပြဆု၊ စာပေထူးချွန်ဆုနှင့်စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဘွဲ့နှင်းသဘင်အခမ်းအနားမိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများကို ဖွင့်လှစ်နိုင်ခဲ့ပြီး ပထမအကြိမ် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာချီးမြှင့်အပ်နှင်းခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် Old Public Administration မှ ယခုလက်ရှိ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသော New Public Management, New Public Governance တို့ကို အထောက်အကူပြုစေမည့် New Public Service Delivery လုပ်ငန်းစဉ်တို့ကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်မည့် ပြည်သူ့ဝန်ထမ်းလောင်းများကို လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများကို ထိရောက်ထက်မြက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေး အတွက် Semi-Regimental Training Approach အစား ပညာရေးနှင့်ကျွမ်းကျင်မှု အခြေပြုလေ့ကျင့်သင်ကြားရေး Education and Competency Training Approach အဖြစ် ပြောင်းလဲပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့များ ချီးမြှင့်အပ်နှင်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးစီအတွက် အဓိက စံတန်ဖိုးများနှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေး၊ အခြေခံအုတ်မြစ်များ ပြည့်စုံစေရန် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အသိဉာဏ်အမြော်အမြင်နှင့် ပြည့်စုံမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှု၊ ရှာဖွေစုံစမ်းလေ့လာသင်ယူနိုင်စွမ်းရှိမှု၊ ဝေဖန်ဆန်းစစ်ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်မှု စသည့် အရည်အသွေးကောင်းများ အစဉ်ထက်မြက်နိုင်စေရန် ဆက်လက်လေ့လာဆည်းပူးသွားကြရန်ဖြစ်ကြောင်း၊ အမျိုးသားရေးအမြင် ထက်မြက်ရှင်သန်ကြရန်လိုအပ်သလို ပါတီနိုင်ငံရေးလုံးဝကင်းစင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားသူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများက သင်ကြားပေးလိုက်သော ပညာရပ်များနှင့် အလေ့အကျင့်ကောင်းများကို လက်တွေ့နယ်ပယ်မှ အတွေ့အကြုံကောင်းများနှင့် ပေါင်းစပ်ပြီး အကျိုးရှိအောင် အသုံးပြုကြရန်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ပြည်သူကို ဗဟိုပြုသည့်စနစ် ပြောင်းလဲကျင့်သုံးပြီး စီးပွားရေးကဏ္ဍတိုးတက်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍတိုးတက်စေရန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေရာ နိုင်ငံတော်အနေဖြင့် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း(Public Private Partnership-PPP) ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသောဆောင်ပုဒ်နှင့်အညီ တိုင်းပြည်အတွက် ဂုဏ်ယူအားထားရသော ဝန်ထမ်းကောင်းများအဖြစ် ကျရာအခန်းကဏ္ဍကနေ၍ စိတ်စေတနာအပြည့်အဝထားရှိပြီး တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဧည့်ပရိသတ်များ၊ ဘွဲ့ယူသင်တန်းသား သင်တန်းသူများနှင့် ယင်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူကာ ပြန်တမ်းဝင်အရာရှိရာထူး ရွေးချယ်ခြင်းခံရသည့် သင်တန်းသား သင်တန်းသူ ၅၅ ဦးနှင့် ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ မေ ၄ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီစနစ်နှင့် လျော်ညီသောလုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်မည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်လာအောင် လေ့ကျင့်ပေးနေပြီဖြစ်





**နေပြည်တော် မေ ၄**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma In Civil Service Management) အမှတ်စဉ်(၁)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဘွဲ့နှင်းသဘင်ခန်းမ၌ မေ ၄ ရက်တွင် ကျင်းပခဲ့ပြီး ဘွဲ့ရမောင်မယ် ၅၈ ဦးအား ဘွဲ့လက်မှတ်များ အသီးသီးအပ်နှင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသူ နှစ်ဦးအား စံပြသင်တန်းသားဆု၊ စာပေထူးချွန်ဆုနှင့် စာပေဂုဏ်ထူးဆုတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၏ မိန့်ခွန်းပြောကြားနေမှုကို ဗီဒီယိုဖြင့် ပြသခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုနှင့်အညီ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် Old Public Administration မှ ယခုလက်ရှိ နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဒီမိုကရေစီစနစ်နှင့် လျော်ညီသော New Public Management, New Public Governance တို့ကို အထောက်အကူပြုစေမည့် New Public Service Delivery လုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်မည့်ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပေးနေပြီ ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများကို ထိရောက်စွာ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းများအား ထိရောက်ထက်မြက်စွာ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် Semi-Regimental Training Approach အစား ပညာရေးနှင့် ကျွမ်းကျင်မှု အခြေပြု လေ့ကျင့်သင်ကြားရေး Education and Competency Training Approach အဖြစ် ပြောင်းလဲပြီး ဘွဲ့လွန်ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာနှင့် မဟာဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရေး အတွက် အကောင်အထည်ဖော်နေခဲ့ပြီဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီများက လေ့ကျင့်ပေးလိုက်သည့် ပညာရပ်များမှာ တာဝန်ထမ်းဆောင်ရာတွင် အခြေခံကောင်းများရရှိရန်ဖြစ်ပြီး အရည်အချင်းပြည့်ဝ၍ စွမ်းရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာရန် ဆက်လက်ဆည်းပူး ကြိုးပမ်းသွားကြရန်လိုအပ်ကြောင်း။

မိမိတို့နှင့်သက်ဆိုင်သော ပညာရပ်ဗဟုသုတများသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် ဘာသာရပ်နယ်ပယ်များကိုလည်း နှံ့နှံ့စပ်စပ် နားလည်သိရှိအောင် လေ့လာကြရန်လိုကြောင်း၊ အရင်းခံစိတ်ထား Mind-set တွင် ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူ၊ ပြည်သူ့အတွက် အပြည့်အဝ ဆောင်ရွက်ပေးမည့် စိတ်ဓာတ်မျိုးထားရှိနိုင်ရေး၊ ပိုမိုကောင်းမွန်သော Service Delivery ပေးနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်စေရေးနှင့် အရည်အချင်း ပြည့်ဝသော ဝန်ထမ်းများပေါ်ထွက်လာမှသာလျှင် ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်ပေါ်လာမှာဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်ရေး Good Governance ရှိမှသာ ကောင်းမွန်သော လူ့အဖွဲ့အစည်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု Socioeconomic Development ကို ထူထောင်နိုင်မှာဖြစ်ကြောင်း၊ အပြန်အလှန်အားဖြင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်မှသာ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ် အသီးသီးရှိ ပြည်သူ့ဝန်ထမ်း အကယ်ဒမီများအနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ တည်းဟူသော စွမ်းရည်သုံးရပ် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အဂတိတရားကင်းစင်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် ပြည်သူ့ဝန်ထမ်းများအဖြစ် လေ့ကျင့်သင်ကြားပေးလိုက်ပြီဖြစ်၍ ပြည်သူကို ထိရောက်ထက်မြက်စွာ ဝန်ဆောင်မှုပေးရာတွင် အရည်အသွေးရှိမှု (Quality)၊ သွက်လက်မြန်ဆန်မှု (Speed)၊ မဆိုင်းမတွလုပ်ဆောင်မှု (Responsiveness) နှင့် တာဝန်ယူမှု တာဝန်ခံမှု (Accountability)ရှိသည့် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်ကြပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအဖြစ် အစဉ်ကြိုးပမ်း ထမ်းဆောင်ရင်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်မားလာမည့် အဆင့်မြင့်နိုင်ငံ့တာဝန်များကို တိုးမြှင့်တာဝန်ယူထမ်းဆောင်နိုင်ပြီး တိုင်းပြည်အတွက် ဂုဏ်ယူအားထားရသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ဆန္ဒပြုပါကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင်ဦးဝင်းမော်၊ အဖွဲ့ဝင် ဦးသန်းထွန်း၊ ပါမောက္ခချုပ် ဦးညီညီစံနှင့် တာဝန်ရှိသူများ၊ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ်(၁)မှ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ မေ ၄ ရက်ထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း(ငွေဆောင်) စခန်းသိမ်းပွဲနှင့်မီးပုံပွဲ အခမ်းအနားကျင်းပ

**ငွေဆောင် မေ ၄**

၂၀၁၇ ခုနှစ် ဘက်စုံပညာထူးချွန် အပန်းဖြေစခန်း (ငွေဆောင်) စခန်းသိမ်းပွဲနှင့်မီးပုံပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင် ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ် သဲသောင်ပြင်၌ ကျင်းပ သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူး၊ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေဆောင်စခန်းမှူး ဦးညွန့်စိုးက အချင်းချင်းစည်းလုံးညီညွတ်မှုကိုခိုင်မြဲအောင် ဆောင်ရွက်ပြီး နောင်တစ်ချိန် မိမိတို့ လျှောက်လှမ်းကြမည့် ဘဝလမ်းတစ်လျှောက်တွင် နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူပြုနိုင် မည်ဟု ယုံကြည်ပါကြောင်း၊ပြည်နယ်နှင့်တိုင်း အသီးသီးမှ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ တိုင်းရင်းသားရိုးရာဝတ်စုံများကို အမြတ်တနိုး ဝတ်ဆင်သည်ကို တွေ့ရသည့်အတွက် ဂုဏ်ယူမိကြောင်း၊ နောင်တစ်ချိန်တွင် မီးပုံပွဲကရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု များကို အမှတ်ရပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည် ရင်းနှီးမှု တိုးပွားစေရန်ရည်ရွယ်၍ မီးပုံပွဲကို ကျင်းပရ ခြင်းဖြစ်ကြောင်း ပြောကြားပြီး မီးပုံအား မီးငြှိပေးကာ စခန်းပိတ်သိမ်းပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၊ကြီးကြပ်သူ ဆရာ ဆရာမများက ပါဆယ်ဂိမ်းကစားခြင်း၊သီချင်း များ သီဆိုခြင်း၊ လက်ဆောင်ပစ္စည်းများအပြန်အလှန်လဲ လှယ်ခြင်းတို့ပြုလုပ်ကြပြီး မြန္မာသီချင်းကိုစုပေါင်းသီဆိုခဲ့ ကြကာ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းကလည်း ကျောင်းသား ကျောင်းသူများ ပညာဗဟုသုတ တိုးပွားစေရန် IT ပညာ ရပ်ဆိုင်ရာ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများ ကို ကျွမ်းကျင်ပညာရှင်များက ဟောပြောပို့ချခဲ့ပြီး ငွေဆောင် ကမ်းခြေသမိုင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းဟောပြောခဲ့ကြသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-နေလင်း**





# နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များ တောင်ကြီးမြို့နယ်ရှိ အထင်ကရနေရာများလေ့လာ၊ ညပိုင်းတွင် စခန်းသိမ်းပွဲကျင်းပ

**တောင်ကြီး မေ ၄**

နဝမတန်း ဘက်စုံပညာထူးချွန်လူငယ်များသည် ယနေ့ နံနက် ပိုင်းတွင် ဟိုပုံးမြို့နယ်ရှိ ထမ်ဆန်းဂူအားသွားရောက် လေ့လာကြသည်။

ထို့နောက် တောင်ကြီးမြို့ပေါ်ရှိ စူဠာမုနိလောက ချမ်းသာစေတီတော်နှင့် မွေတော်ကက္ကူဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး တောင်ကြီးမြို့မြို့မဈေးကြီး အား ဝင်ရောက်လေ့လာကြသည်။

ညနေ ၆ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုညစာစားပွဲနှင့် ၂၀၁၇ ခုနှစ်(အင်းလေးခေါင်တိုင်) ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်းသိမ်းပွဲ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဂုဏ်ပြုစကားပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ကာ ဘက်စုံပညာထူးချွန်လူငယ် မောင်မယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ညစာ စားပွဲများ ကျင်းပပြီး ညပိုင်းတွင် တောင်ကြီးမြို့ အထက ၁ ၌ မီးပုံပွဲများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**

❑

# ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောတို့တွင် တည်ဆောက်မည်

**ဘူးသီးတောင် မေ ၄**

ရခိုင်ပြည်နယ်အတွင်းရှိဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်သောဒေသမြို့များဖြစ်သည့် ရသေ့ တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့ များတွင် ပြည်သူလူထု လျှပ်စစ်မီး အပြည့်အဝ ပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ဓာတ်အား ခွဲရုံများ တည်ဆောက်ပေးသွားမည်ဖြစ် ကြောင်း (မောင်တောခရိုင်လျှပ်စစ် အင်ဂျင်နီ ယာရုံး) လက်ထောက်မန်နေဂျာဦးဟိန်းမိုး ထက်မှ ပြောသည်။

"ဒီမှာက System မီးရမယ်ဆိုရင်တော့ ပြည်သူတွေကို မီးလုံလုံလောက်လောက်ပေး နိုင်မှာပါ။ အခုကတော့ မီးစက်ရဲ့သုံးနိုင်အား ပေါ်မှာမူတည်ပြီး မီးပေးနေရတယ်။ ဘူးသီးတောင်၊ ရသေ့တောင်နဲ့ မောင်တော သုံးမြို့စလုံးမီးစက်နဲ့ ပြည်သူကို မီးပေးနေရ တာ။ အခုလျာထားဆောက်ရွက်နေတဲ့ ၆၆ ကေဗွီဓာတ်အားခွဲရုံတွေကိုတော့ အမြန်ဆုံး အကောင်အထည်ဖော်ဖြစ်မှာပါ။လတ်တလော မှာတော့ ကျွန်တော်တို့ ဘူးသီးတောင်မြို့ အတွက်မှာ ၆၆ ကေဗွီဓာတ်အားခွဲရုံ တည် ဆောက်မယ့် မြေနေရာကို Saveyလုပ်ထား ပြီးပါပြီ။ System ဓာတ်အားရလို့ ဓာတ်အား ခွဲရုံ တည်ဆောက်ပြီးတာနဲ့ ၁၁ ကေဗွီဓာတ် အားလိုင်းထဲကိုလွှဲပြီး ပြည်သူကို အဆင်သင့် မီးတန်းပေးရုံပါပဲ"ဟု လက်ထောက်မန်နေဂျာ ဦးဟိန်းမိုးထက်က ပြောသည်။



**ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက အဆင်သင့်ပို့လွှတ်ပေးနိုင်သော ၁၁ ကေဗွီ ဓာတ်အားကြိုးများကို တွေ့ရစဉ်။**

ယခုအခါ ရသေ့တောင်၊ ဘူးသီးတောင် နှင့် မောင်တောမြို့ပေါ် ရပ်ကွက်များတွင် ၁၉၅၅ ခုနှစ်ဝန်းကျင်မှ စတင်ကာ ၅၀၀ ကေဗွီနှင့် ၄၀၀ ကေဗွီမီးစက်ကြီးများဖြင့် မောင်းကာ ပြည်သူလူထုအား လျှပ်စစ်မီးပေး လျက်ရှိသည်။ ဘူးသီးတောင်မြို့ပေါ်အနေ ဖြင့် ယခုလတ်တလောတွင် ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီခွဲအထိ တစ်နေ့ငါးနာရီကြာမီးပေး လျက်ရှိရာ ပြည်နယ်အစိုးရထောက်ပံ့မှု အနေဖြင့် ယခင်က နေ့စဉ်လေးနာရီ မီးပေး ခဲ့သော်လည်း မကြာသေးမီက အခြေအနေ အရပ်ရပ်ကြောင့် ခရိုင်ရုံးမှ လျှပ်စစ် မီးတစ်နာရီပိုပေးနိုင်ရန် ကူညီ ထောက်ပံ့ပေးသဖြင့် ယခုအခါ ငါးနာရီကြာ ပြည်သူများအား မီးသုံးစွဲခွင့် နေ့စဉ်ပေးလျက် ရှိသည်။ ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည် ဆောက်ပြီးပါက ပြည်သူများအား မီးသုံးစွဲခွင့် ယခုထက်ပိုမိုပေးနိုင်မည်ဖြစ်သည်။ ထိုသို့ ပေးနိုင်ရန်လည်း ၁၁ ကေဗွီ ဓာတ်အား လိုင်းကြိုးများကို မြို့ပေါ်ရပ်ကွက်များတွင် အဆင်သင့် ဆွဲထားပေးပြီး ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ ဖွံ့ဖြိုးမှုနောက်ကျ တာက လျှပ်စစ်မီးမရလို့လည်းပါပါတယ်။ တခြားမြို့နယ်တွေ ကျွန်တော်တို့ ဘူးသီး တောင်မြို့လောက်တောင် ဖွံ့ဖြိုးမှုမရှိသေးဘူး မီးရနေတယ်။ တကယ်သာ လျှပ်စစ်မီးကို အခြားမြို့တွေလို ၂၄ နာရီမဟုတ်တောင် အခုထက် အချိန်တိုးပြီး မီးရရင် ကျွန်တော်တို့မြို့က တော်တော်လေးကိုဖွံ့ဖြိုး တိုးတက်ဖို့ အလားအလာရှိပါတယ်"ဟု ဘူးသီးတောင်မြို့ပေါ်မှ ဒေသခံဖြစ်သူ ဦးကျော်သာမောင်က ပြောသည်။

ယခုအခါ ဘူးသီးတောင်မြို့တွင် ထရန်စဖော်မာ သုံးလုံးဖြင့် မီတာအလုံး ပေါင်းတစ်ထောင်ကျော်ကို မီးစက်ကြီးများဖြင့် မီးပေးလျက်ရှိပြီး မကြာမီကာလတွင် System ဓာတ်အားလိုင်းမှ ဓာတ်အားများပို့လွှတ်နိုင်ပြီး ၆၆ ကေဗွီဓာတ်အားခွဲရုံများ တည်ဆောက် ပြီးစီးပါက ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့ပေါ်နေ ပြည်သူများ လျှပ်စစ်မီး ယခုထက်အပြည့်အဝ သုံးစွဲနိုင်မည်ဖြစ် ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်လှကျော်(ဘူးသီးတောင်)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**



# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာမှ ပရဟိတအဖွဲ့နှစ်ဖွဲ့သို့ ကျပ် သိန်း ၅၀၀၀ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၄**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် လူမှုပရဟိတလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အောင်ဖောင်ဒေးရှင်း၏ ပရဟိတလုပ်ငန်းတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း ၂၅၀၀ နှင့် NLD AIDS Center ၏ ပရဟိတလုပ်ငန်းတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း ၂၅၀၀ ကို မေ ၄ ရက် နံနက် ၉ နာရီက မြောက်ဒဂုံမြို့နယ်ရှိ အောင်ဖောင်ဒေးရှင်းသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအခမ်းအနားတွင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇအုပ်စု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေဖြင့် စတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ ယနေ့အချိန်အထိ မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအတွက် ကဏ္ဍအသီးသီးတွင် စုစုပေါင်း ငွေကျပ် ဘီလီယံ ၁၂၀ ကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ဖောင်ဒေးရှင်းအနေဖြင့် ဆရာမ ဒေါ်သန်းမြင့်အောင် ဖွဲ့စည်းတည်ထောင်ထားသည့် ပရဟိတလုပ်ငန်းများဖြစ်သော HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးသူငယ်များကို ပြုစုစောင့်ရှောက်နေသည့် "သုခရိပ်မြုံ" ဂေဟာ၊ ခိုကိုးရာမဲ့ နာမကျန်းဘိုးဘွားများအတွက် "ဆည်းဆာရိပ်" ဂီလာနဘိုးဘွားရိပ်သာ၊ လူမှုဝန်းကျင်နှင့် ပရဟိတသင်တန်းကျောင်း "အောင်ဖောင်ဒေးရှင်း"၊ ရုပ်ရှင်၊ ဂီတနှင့် စာပေနယ်ပယ်များရှိ သက်ကြီးဘိုးဘွားများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားသော "အနုပညာဆည်းဆာရိပ်"၊ မိဘမဲ့ကလေးငယ်များအတွက် ဖွင့်လှစ်ထားသည့် "ရတနာဂေဟာ"၊ "အောင်မြေပရဟိတကျောင်း"နှင့် အခြားပရဟိတလုပ်ငန်းများအတွက် ရည်ရွယ်၍ အလှူငွေ ပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ထို့အတူ ဆရာမ ဒေါ်ဖြူဖြူသင်းတည်ထောင်ထားသည့် NLD AIDS Center ရှိ HIV ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်နိုင်ရန်အတွက် အရှေ့ဒဂုံမြို့နယ်တွင်ဆောက်လုပ်နေသည့် "ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးဂေဟာ"အတွက် ရည်ရွယ်၍ အလှူငွေ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက အောင်ဖောင်ဒေးရှင်းမှ ဒေါ်သန်းမြင့်အောင်ထံ အလှူငွေကျပ် သိန်း ၂၅၀၀ နှင့် NLD AIDS Center (NAC) HIV/AIDS မှ ဒေါ်ဖြူဖြူသင်းထံ အလှူငွေကျပ် သိန်း ၂၅၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

အလှူငွေ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက "ကျွန်မတို့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ဆရာမ ဒေါ်သန်းမြင့်အောင်နဲ့ ဆရာမ ဒေါ်ဖြူဖြူသင်း တို့လို ပြည်သူအတွက် ပရဟိတလုပ်ငန်းတွေကို အင်အားအပြည့်နဲ့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကို ကျွန်မတို့က တာဝန်ကျေတဲ့ ပြည်သူအနေနဲ့ ပံ့ပိုးကူညီခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် တာဝန်ရှိသူများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ဆရာမ ဒေါ်သန်းမြင့်အောင်၏ "ဆည်းဆာရိပ်"၊ "အနုပညာဆည်းဆာရိပ်"၊ "ရတနာဂေဟာ"၊ "အောင်မြေပရဟိတကျောင်း"နှင့် ဆရာမဒေါ်ဖြူဖြူသင်း၏ NLD AIDS Center တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၀၁၀)**






# ကမ္ဘာလုံးဆိုင်ရာ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုအတွက် အမေရိကန်ဒေါ်လာ ၂၈၀၀ လှူဒါန်း

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့က ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် "ကမ္ဘာလုံးဆိုင်ရာ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး" 4th UN Global Road Safety Week-2017(May 8 to 14) ရက်သတ္တပတ်လှုပ်ရှားမှုအား မေ ၈ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့တွင်းလမ်းများ၌ ပြုလုပ်မည်ဖြစ်ရာ ယင်းလုပ်ငန်းများ အခက်အခဲမရှိစေရေးနှင့် ထိရောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း ပြည်သူ့ဥယျာဉ်ရှိ မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ရုံး၌ အလှူငွေပေးအပ်ပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမီးတိုင်များ မီးလင်းရေးအတွက် ဆောင်ရွက်နေသော LED ဖြင့်အသုံးပြုသော လျှပ်စစ်လမ်းမီးထုတ်လုပ်ရောင်းချနေသော မြန်မာနိုင်ငံရုံးခွဲ တာမွေမြို့နယ် ကျောက်မြောင်းလမ်းရှိ Schreder (Myanmar) ဒါရိုက်တာ ဦးစိုးမိုးနိုင်နှင့် အဖွဲ့က အမေရိကန်ဒေါ်လာ ၂၈၀၀ ကို မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးအောင်နိုင်နှင့် ဦးကိုငွေးတို့က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**(စောသိန်းဝင်း)**

# စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ ယမန်နေ့ ညပိုင်းက ဆိုလာပြားအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် မင်းဘာကြီးလမ်းနေ ဒေါ်နူလီမာဟာ၏ နေအိမ်၌ ယမန်နေ့ ည ၉ နာရီ ၁၀ မိနစ်ခန့်က ဆိုလာပြားအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ ည ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား အသေးစိတ်စစ်ဆေးပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၃၆ စီး၊ သွင်းကုန် ၅၂၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၈ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးကျပ် သုည ဒသမ ၆၆၄ သန်းခန့်)သိမ်းဆည်းရမိပြီး မေ ၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက သိမ်းဆည်းရမိခဲ့သည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော အရက်၊ ဘီယာနှင့် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ်သန်း ၁၃၆ ဒသမ ၇၃၃၅ ခန့်)အား သိမ်ဇရပ်-မုပ္ပလင်လမ်းဆုံအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးမြေကွက်လပ်၌ ဖျက်ဆီးရေးဘုတ်အဖွဲ့ဖြင့် စနစ်တကျဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၄**

လားရှိုးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂ ရက်က လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၆) စိန်ကွမ်းတရုတ်ကျောင်းလမ်း အမှတ်(၄/၁၆/၄၇၅)နေ ယော်တာဝမ်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အောင်ထွန်း၊ ဟိန်းစိုးနိုင်၊ တိုင်းချန်၊ အားဝေနှင့်အားလုံတို့ ခြောက်ဦးအား တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၃၀ ကိုလည်းကောင်း၊ မေ ၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၈၀/၄) ၌ တိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်ပြီး နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် မေ ၄**


ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၀၃/၀) နှင့် (၁၀၃/၁) အကြား ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း မင်းခန့်ကျော် မောင်းနှင်လာသော Toyota Hiace မော်တော်ယာဉ်သည် မေ ၃ ရက် ည ၁၀ နာရီခွဲတွင် အရှိန်မထိန်းနိုင်ဘဲ ရှေ့တွင်စက်ချွတ်ယွင်းပြီး ကွန်ကရစ်လမ်းအစပ်၌ ရပ်၍ပြင်နေသော နန်းထိုက်တော်ဝင် ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းပါ လေးဦးအား ဝင်ရောက်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် နန်းထိုက်တော်ဝင် ခရီးသည်တင်ယာဉ်မှ အမျိုးသား နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ အဆိုပါသေဆုံးသူ အလောင်းများနှင့် ဒဏ်ရာရရှိသူများအား မြို့ချောင်း အမြန်လမ်းရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် ဖြူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ပါ၍ ယာဉ်ကိုမဆင်မခြင် ပေါ့ဆစွာမောင်းနှင်သော Toyota Hiace ယာဉ်မောင်း မင်းခန့်ကျော်နှင့် အမြန်လမ်းမကြီးပေါ်၌ ယာဉ်ကိုရပ်နားပြီး ပေါ့ဆစွာပြင်ဆင်နေသည့် ခရီးသည်တင်ယာဉ်မောင်း သက်အောင်တို့အား ရာဇသတ်ကြီးပုဒ်မ ၃၀၄(က) ၃၃၈/၃၃၇ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်အားကစားပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ



## တစ်ပတ်လုပ်ခ ပေါင် ၂၈၀၀၀၀ ဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသဘောတူညီထားဟုဆို

ပရီမီယာလိဂ်ကလပ်မန်ယူအသင်းနှင့် အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့သည် အလုပ်သဘောအရ သဘောတူညီထားပြီဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် မန်ယူအသင်းသို့ ပြောင်းရွှေ့လာမည်ဆိုပါက တစ်ပတ် လုပ်ခလစာပေါင် ၂၈၀၀၀၀ ဖြင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားပြီဖြစ်သည်။

မန်ယူအသင်းသည်လက်ရှိတွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းနှင့် ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် သဘောတူညီထားပြီး အပိုဆုကြေးပေါင်းစပ်ပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၇၀ အထိရှိလာမည်ဖြစ်ကြောင်းလည်းသိရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည်လာမည့် အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနည်းပြ မော်ရင်ဟိုခေါ်ယူရန်ပစ်မှတ်ထားနေသည့် ပထမဦးစားပေးကစားသမားဖြစ်ပြီး လာမည့်ရာသီတွင်အသင်းကို ပြန်လည်တည်ဆောက်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ယခုသဘောတူညီထားသည့် အပြောင်းအရွှေ့ဖြင့် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့လာမည်ဆိုပါက တစ်နိုင်ငံတည်းသား ကစားသမား ပေါ့ဘာထက် လုပ်ခလစာပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

**နေပြည်တော် မေ ၄**

နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင် အားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (C) ၌ ကျင်းပရာ ဆီမီးဖိုင်နယ်အမျိုးသားပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းကလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းကလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့နောက် ဆီမီးဖိုင်နယ်အမျိုးသမီးပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းကလည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ယင်းနောက် အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့သည် လည်းကောင်း၊ အမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့သည် မေ ၅ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (C)၌ ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်သည်။

ဗိုလ်လုပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**





## သုံးနှစ်အတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ဂျူဗင်တပ်အသင်း ဒုတိယအကြိမ်တက်လှမ်းလာဖွယ်ရှိ

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မိုနာကိုအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ကြောင့် ဘောလုံးရာသီသုံးရာသီအတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ဒုတိယအကြိမ်တက်လှမ်းလာဖွယ်ရှိနေခဲ့ပြီဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် မိုနာကိုအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင် နယ်ပထမအကျော့တွင် တိုက်စစ်မှူး ဟီဂူအင်၏ ပွဲကစားချိန် ၂၉ မိနစ်နှင့် ၅၉ မိနစ်တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးဖြင့် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မိုနာကိုအသင်းသည် အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ဂျူဗင်တပ်အသင်း၏ တိုက်စစ်ပိုင်းကို ဟန့်တားနိုင်ခြင်း မရှိခဲ့ခြင်းကြောင့် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့မှုသည် ယခုနှစ် ချန်ပီယံလိဂ်ပွဲစဉ်အားလုံးတွင် သွင်းဂိုး ၁၈ ဂိုးအထိခွင့်ပြုပေးလိုက်ရသည့် စံချိန်တစ်ရပ် ထွက်ပေါ်ခဲ့ပြီး တိုက်စစ်မှူး ဟီဂူအင်မှာမူ ဂျူဗင်တပ်အသင်းနှင့်အတူ ချန်ပီယံလိဂ် သွင်းဂိုးငါးဂိုးအထိသွင်းယူနိုင်ခဲ့သည့်ကစားသမားလည်းဖြစ်လာခဲ့သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းသည် မိုနာကိုအသင်း၏ အိမ်ကွင်းတွင် နှစ်ဂိုးပြတ် ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် စိတ်ဓာတ်ပိုင်းနှင့် ကစားပိုင်းပိုမိုအားစိုက် ကစားလေ့ရှိသည့် ဂျူဗင်တပ်အသင်းအတွက် ဒုတိယအကျော့အိမ်ကွင်းတွင် ဧည့်ခံကစားရပါက အနိုင်သေချာနိုင်မည့် အခွင့်အရေးတစ်ရပ်ကိုပိုင်ဆိုင်နိုင်တော့မည်ဖြစ်သည်။ **(ငွေကြယ်)**

ပရီမီယာလိဂ်ရင်ခုန်သံ - ၃၆

## အီမရိတ်မှာ မန်ယူကိုရင်ဆိုင်ရမယ့် အာဆင်နယ်

**ပရီမီယာလိဂ်ပွဲစဉ်(၃၆) ကို လာမယ့်မေလ ၆၊ ၇၊ ၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ အာဆင်နယ်က မန်ယူကိုအိမ်ကွင်းမှာလက်ခံကစားရဖို့ရှိနေတာကြောင့် အာဆင်နယ်အနေနဲ့ မန်ယူကိုအနိုင်ရယူနိုင်မှာလားဆိုတာစောင့်ကြည့်ရမှာဖြစ်ပြီး ချယ်လ်ဆီးကတော့အနိုင်ရရှိသွားမှာပါ။**

ရှိုင်း
မင်း
မင်း

### ဝက်စ်ဟမ်း - စပါး နံနက် ၁း၃၀ (၆-၅-၁၇)

ချယ်လ်ဆီးကိုဖိအားပေးနိုင်ဖို့အတွက် စပါးတို့အားစိုက် ကစားလာဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာစပါးရဲ့ခြေကလည်းကောင်းမွန် မှုရှိနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ ဝက်စ်ဟမ်းကတန်း မဆင်းရဖို့သေချာမှုမရှိသေးတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဝက်စ်ဟမ်းတို့အိမ်ကွင်းဖြစ်သလို လန်ဒန်ဒါဘီလည်းဖြစ်နေလို့ ခြေကုန်ပိုထုတ်လာဖို့ရှိပါတယ်။ ဒါကြောင့်လည်း စပါးအနိုင်ရ မယ်ဆိုရင်တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

### ဘုန်းမောက် - စတုတ် ည ၈း၃၀ (၆-၅-၁၇)

ဘုန်းမောက်က ဆန်းဒါးလန်းကိုအနိုင်ရယူနိုင်မှုနဲ့ အတူတန်းတင် ကျန်ရစ်နိုင်ဖို့ သေချာသလောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့်အခု နောက်ပိုင်းပွဲတွေမှာ ဘုန်းမောက်ရဲ့ရှုန်းအားကလည်းအနည်းငယ်ကျ ဆင်းလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့်လည်း ဒီပွဲကအိမ်ကွင်းဖြစ်တာကြောင့် ဘုန်းမောက်တို့အမှားခံမှာတော့ မဟုတ်ပါဘူး။ ဒ့ါအပြင် စတုတ်ကလည်း အဝေးကွင်းပွဲတွေမှာ ကစားပုံအားနည်းတတ်လို့ ဘုန်းမောက်ကပ်နိုင်ခြေရှိနေပါသေးတယ်။

### မန်စီးတီး - ပဲလေ့စ် ည ၆း၀၀ (၆-၅-၁၇)

မန်စီးတီးအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ မန်စီးတီးအနေနဲ့ တိုက်စစ်ပိုင်းကအဆုံးသတ် မသေချာပေမယ့် ထိုးဖောက်ကစားပုံလည်းကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် ပဲလေ့စ်ကလည်း တန်းမဆင်း ရဖို့အမှတ်လိုအပ်နေသေးတာကြောင့် အားစိုက်လာဖို့ရှိနေသလို အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ပွဲမှာ ပဲလေ့စ်ခြေကလည်းကောင်းမွန်မှုရှိ တတ်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးတို့ဒီပွဲမှာတော့ ကပ်ပြီးသာ အနိုင်ရဖို့ရှိပါတယ်။

### ဘန်လေ - ဝက်စ်ဘရွန်း ည ၈း၃၀ (၆-၅-၁၇)

ဘန်လေက ပဲလေ့စ်ကိုအနိုင်ရယူနိုင်ခဲ့ပေမယ့် တန်းမဆင်းရဖို့ အတွက်တော့ လုံလောက်တဲ့အမှတ်ရရှိခြင်းမရှိသေးပါဘူး။ ဒါကြောင့် ဒီပွဲမှာလည်း ဘန်လေတို့ အားစိုက်လာမှာဖြစ်ပြီး အိမ်ကွင်းဖြစ်နေကာ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ဘန်လေရဲ့ကစားအားက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဝက်စ်ဘရွန်းကတော့တန်းတင်ကျန်ရစ်ဖို့သေချာ နေပြီဖြစ်လို့ အားစိုက်ကစားမှုလည်းလျှော့နည်းနေပါတယ်။ ဘန်လေတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားမှာသေချာပါတယ်။

### ဟားလ် - ဆန်းဒါးလန်း ည ၈း၃၀ (၆-၅-၁၇)

ဆန်းဒါးလန်းကတန်းမဆင်းရဖို့သေချာသွားပြီဖြစ်ပါတယ်။ အထူးသဖြင့် ဆန်းဒါးလန်းခြေက အားနည်းမှုတွေများနေပါတယ်။ အဝေးကွင်းပွဲတွေမှာ ဆိုရင်လည်း ဆန်းဒါးလန်းခြေက ပိုမိုအားနည်းတတ်ပါတယ်။ ဟားလ်ကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်းဒီပွဲမှာ ဟားလ်ပဲအနိုင်ရမယ်။

### လက်စတာ - ဝတ်ဖို့ဒ် ညနေ ၈း၃၀ (၆-၅-၁၇)

ဝတ်ဖို့ဒ်ကတန်းတင်ကျန်ရစ်ဖို့သေချာနေပြီဖြစ်ပါတယ်။ အခုနောက်ပိုင်းပွဲတွေမှာလည်း ဝတ်ဖို့ဒ်ရဲ့အသင်းလိုက်ရုန်းအားက ကျဆင်းလာတာကို တွေ့ရပါတယ်။ လက်စတာကတော့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေသလို အိမ်ကွင်းဖြစ်တာကြောင့်အမှားခံမှာ မဟုတ်တာသေချာနေပါတယ်။ အထူးသဖြင့် လက်စတာက အိမ်ကွင်းပွဲတွေမှာကစားပုံပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာ လက်စတာကသာနိုင်ပွဲရမယ်။

### ဆွမ်ဆီး - အဲဗာတန် ည ၁၁း၀၀ (၆-၅-၁၇)

ဆွမ်ဆီးက အိမ်ကွင်းဖြစ်နေတာကြောင့် တန်းမဆင်း ရဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ဆွမ်ဆီးခြေက သာမန်သာရှိတယ်ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာရုန်းအားက ကောင်းမွန်တတ်ပါတယ်။ အဲဗာတန်ကတော့ ခြေစွမ်းပိုင်းကောင်း မွန်နေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ကစားပုံအနည်းငယ်ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ အဲဗာတန်တို့ အခက်တွေ့နိုင်ကာနိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်ပါတယ်။

### လီဗာပူး - ဆောက်သမ်တန် ည ၇း၀၀ (၇-၅-၁၇)

ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ အမှားမခံတဲ့အခြေအနေမှာရှိနေ တဲ့လီဗာပူးကအခုလိုအိမ်ကွင်းပွဲမျိုးမှာနိုင်ပွဲရအောင် အားစိုက်လာဖို့ရှိ နေပါတယ်။ ဆောက်သမ်တန်ကတော့လက်ရှိအချိန်မှာအမှတ်လို အပ်ချက်ပြင်းထန်မှုမရှိတော့ဘူး။ ဒါကြောင့်လည်း ဆောက်သမ်တန်ရဲ့ ကစားပုံကအားနည်းမှုတွေရှိလာပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်ရဲ့တိုက်စစ်ပိုင်းက အခုနောက်ပိုင်းဂိုးသွင်းခြေကျဆင်းနေပါတယ်။

### အာဆင်နယ် - မန်ယူ ည ၉း၃၀ (၇-၅-၁၇)

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် မန်ယူတို့နိုင်ပွဲရအောင် ကစားလာဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ မန်ယူက ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ မန်ယူအနေနဲ့ ယူရိုပါလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေနိုင်ပေမယ့်လည်း အာဆင်နယ်ကလည်းဒီပွဲအပြီးမှာပွဲကျန်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနေပါတယ်။ အာဆင်နယ်တို့ သရေလောက်ကစားနိုင်ဖို့ရှိနေပါတယ်။

### ချယ်လ်ဆီး - မစ်ဒယ်ဘရော့ နံနက် ၁း၃၀ (၉-၅-၁၇)

ချန်ပီယံဆုရယူနိုင်ဖို့အတွက် ချယ်လ်ဆီးတို့ အားစိုက်ကစားလာ မှာသေချာနေပါတယ်။ ချယ်လ်ဆီးရဲ့ခံစစ်ပိုင်းကအခုနောက်ပိုင်းမှာကျဆင်းနေကာ ဂိုးပေးရမှုတွေ ရှိနေပေမယ့်လည်း မစ်ဒယ်ဘရော့တိုက်စစ်ကလည်း ဂိုးသွင်းခြေအားနည်းလွန်းပါတယ်။ ဒ့ါအပြင်ချဲလ်ဆီးရဲ့ တိုက်စစ်ကလည်း အခုနောက်ပိုင်းမှာ ဂိုးသွင်းခြေရရှိနေတာကြောင့် ဒီပွဲမှာ အမှတ်လိုအပ်ချက်ရှိနေတဲ့ ချယ်လ်ဆီးရဲ့အိမ်ကွင်းဖိအားပေးမှုကို မစ်ဒယ်ဘရော့တောင့်ခံနိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးကသာအိမ် ကွင်းမှာနိုင်ပွဲရသွားမှာပါ။

# ချီးကျူးဂုဏ်ပြုထိုက်သော နှလုံးလှသူရဲကောင်းများ

မောင်သောင်းဝင်း(တမန်ဟောင်း)



လူ့ယဉ်ကျေးမှုသည် "မီး" ကို စတင်တွေ့ရှိသုံးစွဲတတ်သည့်အချိန်မှစ၍ များစွာတိုးတက်ပြောင်းလဲလာခဲ့သည်။ ရှေးခေတ်လူသားတို့သည် အသား၊ ငါးများကို အစိမ်းသက်သက်စားသောက်နေရာမှ မီးကင်၊ ချက်ပြုတ်၊ ကြော်လှော် စားသောက်တတ်လာသည်။ ထိုအချိန်မှစ၍ လူသားတို့သည် ညအချိန်တွင် မီးအလင်းရောင်ကိုအသုံးပြုလျက် သားရဲတိရစ္ဆာန်များ၏ဘေးအန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်။ ထို့အပြင် နေ့အချိန်တွင် မပြီးပြတ်သေးသောလုပ်ငန်းဆောင်တာများကို ညအချိန်တွင် မီးအလင်းရောင်ဖြင့် ဆက်လက်လုပ်ဆောင်လာနိုင်ခဲ့သည်။ ထို့ကြောင့် မီးသည် လူသားတို့၏ နေ့စဉ်လူနေမှုဘဝတွင် မရှိမဖြစ်သောအရာတစ်ခုလိုဖြစ်လာခဲ့သည်။

သို့သော် မီးသည် "သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူ"၊ "လူခိုးလျှင်အစုတ်ကျန်၊ မီးခိုးလျှင်အပြုတ်နံ့" ဆိုသောစကားများကလည်း မီးဘေးအန္တရာယ်ကို ကြိုတင်သတိပေးနေခြင်းပင်ဖြစ်သည်။ ထို့အပြင် မြတ်ဗုဒ္ဓ၏တရားတော်လာ "ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ" ဆိုသော ရန်သူမျိုးငါးပါးတွင်လည်း မီးဘေးအန္တရာယ်သည် ပါရှိနေပြန်သည်။ ထိုမီးဘေးအန္တရာယ်ကိုကာကွယ်ရန် မီးဘေးအန္တရာယ်အတွင်းကျရောက်နေသည့် သက်ရှိလူသားများကို အရေးပေါ်ကယ်တင်ရန်၊ မီးလောင်ဆုံးရှုံးမှုများလျော့ပါးအောင် အချိန်မီငြိမ်းသတ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်များတွင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရှေးယခင်ကတည်းကပင် ကမ္ဘာတစ်ဝန်း၌ မီးသတ်တပ်ဖွဲ့များကို စတင်ဖွဲ့စည်းခဲ့ကြသည်။

**သခင်အောင်ဆန်း တက်ရောက်**

မြန်မာနိုင်ငံတွင်လည်း ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးညီလာခံကြီးကို ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ဇိနတ်အစ္စလာမ်အမျိုးသမီးကျောင်း၌ ကျင်းပနိုင်ခဲ့သည်။ ထိုအခမ်းအနားသို့ အမျိုးသားခေါင်းဆောင်ကြီး သခင်အောင်ဆန်းကိုယ်တိုင်တက်ရောက်၍ မီးသတ်တပ်ဖွဲ့ဆိုင်ရာ ဩဝါဒမိန့်ခွန်းပြောကြားခဲ့သည်။ ထိုအချိန်မှစ၍ နှစ်စဉ် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် မေလ ၅ ရက်နေ့သည် (၇၁) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ပင်ဖြစ်သည်။

မျက်မှောက်ကမ္ဘာကြီးတွင် အစွန်းရောက်ရာသီဥတုကြောင့် လူသားတို့သည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ပိုမိုကြုံတွေ့ခံစားနေကြရသည်။ ခပ်စိပ်စိပ်ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဉစ္စာတို့ကို ခြိမ်းခြောက်လာလျက်ရှိသည်။ နှစ်စဉ် မိုးကြီးခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီလှိုင်းကြီးများ ရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်သဘာဝဘေးအန္တရာယ်များအပြင် လူသားတို့၏ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်များကိုပါ ကြုံတွေ့ခံစားနေကြရသည်။

မြန်မာနိုင်ငံသည် သဘာဝေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲကာလဖြစ်သောကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားနေဆဲပင်ဖြစ်သည်။ ထိုသဘာဝဘေးအန္တရယ်အမျိုးမျိုးအနက် မီးဘေးအန္တရာယ်သည် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ထိုမီးဘေးအန္တရာယ်နှင့် ရုတ်တရက်ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ထိရောက်စွာကြိုတင်တားဆီးကာကွယ်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ဒီမိုကရေစီအစိုးရလက်ထက်တွင် ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ ခေတ်စနစ်နှင့်ကိုက်ညီသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေကို အသစ်ရေးဆွဲလျက် ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

**လူတိုင်းတာဝန်ရှိ**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသည် လူတိုင်း၏ တာဝန်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေသည့် မီးလောင်မှုများကို မကြာခဏကြုံတွေ့ရသည်။ အထူးသဖြင့် ယခုလိုပူပြင်းခြောက်သွေ့သောနွေရာသီတွင် ပြည်သူတိုင်း "မီးအသိ၊ မီးသတိ" ရှိနေရန်လိုအပ်သည်။ ရုံး၊ ဌာန၊ ကုမ္ပဏီများတွင် မီးသတ်ဆေးဘူးများ၊ ရေသဲ၊ မီးချိတ်၊ မီးကတ်စသည့်မီးငြိမ်းသတ်ရေးအထောက်အကူပစ္စည်းများကို လုံလောက်စွာထားရှိသင့်သည်။ အချို့သော ရုံး၊ ဌာနများသည် မီးသတ်ပစ္စည်းများကို အလှပြသက်သက်သာထားရှိကြသဖြင့် မီးဘေးအန္တရာယ်ကြုံတွေ့ရသည့်အချိန်တွင် ထိုပစ္စည်းများကို ထိရောက်စွာကိုင်တွယ်အသုံးမပြုနိုင်ကြတော့ပေ။ ထိုသို့ဖြစ်နေခြင်းသည် အချို့သောတာဝန်ရှိသူများ၏ စိစစ်ကြပ်မတ်မှုအားနည်းသောကြောင့်သာဖြစ်သည်။

အထူးသဖြင့် မီးငြိမ်းသတ်နည်းများကို ရပ်ကွက်၊ ကျေးရွာအလိုက် ဇာတ်တိုက်လေ့ကျင့်ထားသင့်သည်။ အချို့သောဝန်ထမ်းများသည် မီးသတ်ဆေးဘူးကိုပင် စနစ်တကျကိုင်တွယ်တတ်ခြင်းမရှိချေ။ ရပ်ကွက်၊ ကျေးရွာအလိုက်လည်း အရန်မီးသတ်တပ်ဖွဲ့များ စနစ်တကျဖွဲ့စည်းထားသင့်သည်။ ရပ်ကွက်မီးကင်းတဲများသည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် ရပ်ကွက်လုံခြုံရေးကိုလည်း များစွာအထောက်အကူပြုနေပါသည်။

**ဝါသနာ၊ စေတနာနှင့် အနစ်နာ**

မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ရန်အတွက် ဝါသနာ၊ စေတနာနှင့် အနစ်နာခံလိုစိတ်ရှိနေရန်လိုအပ်သည်။ အထူးသဖြင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးသည် ရဲရင့်ပြတ်သားရန်လိုအပ်သည်။ လွန်စွာပူပြင်းလှသည့် တဟုန်းဟုန်းတောက်နေသောမီးတောက်ထဲသို့ ပြေးဝင်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောက်ရွက်ကြရသည်။ အချို့သော မီးသတ်တပ်ဖွဲ့ဝင်များသည် မီးတောက်ထဲတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ဒဏ်ရာများရရှိကြသည်။ အချို့ဆိုလျှင် အသက်ကိုပင်ပေးဆပ်သွားကြရသည်။ နှလုံးလှသူရဲကောင်းများ၏ စွန့်လွှတ်စွန့်စားအနစ်နာခံမှုများပင်ဖြစ်သည်။ ပြည်သူများအနေဖြင့် ထိုထိုစိတ်ဓာတ်မျိုးကို အတုယူကာ ဂုဏ်ပြုသင့်လှပေသည်။

မီးငြိမ်းသတ်ရေးတာဝန်များအပြင် သဘာဝဘေး
အန္တရာယ် ကျရောက်သည့်နေရာများသို့လည်း
ချက်ချင်းသွားရောက်ကာ အရေးပေါ်ကယ်ဆယ်ရေး
လုပ်ငန်းများ ဆောင်ရွက် . . .
ဝါသနာ၊ စေတနာနှင့် အနစ်နာခံလိုစိတ်ပြည့်ဝသော
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြု
ထိုက်သည့် နှလုံးလှသူရဲကောင်းများဟု . . .

မည်သို့ပင်ဆိုစေကာမူ အချို့သောပြည်သူများသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ စေတနာအပေါ် အထင်အမြင်လွဲမှားနေကြဆဲပင်ဖြစ်သည်။ မီးသတ်တပ်ဖွဲ့များသည် မီးလောင်နေသောအဆောက်အအုံများ အနီးရှိ နေအိမ်များ၊ အဆောက်အအုံများကို မီးကူးစက်မှုမရှိအောင် ရေပက်ဖျန်းကြရသည်။ ထိုသို့ ဆောင်ရွက်သည်ကိုပင် အပြစ်မြင်ကြသူများရှိနေကြသည်။ လူတိုင်းသည် မိမိ၏အိမ်ကိုသာလျှင် ဦးစားပေး၍ ရေဖျန်းပေးစေလိုကြသည်။ လူ့သဘာဝပင်ဖြစ်သည်။ အချို့သောရပ်ကွက်များရှိ လမ်းများသည် လွန်စွာကျဉ်းမြောင်းသောကြောင့် မီးလောင်ရာနေရာသို့ မီးသတ်ကားများ အချိန်မီဝင်ရောက်နိုင်ခြင်းမရှိကြချေ။ ထို့ကြောင့် အားလုံးပြာကျသွားချိန်တွင် မီးသတ်ကားများရောက်လာပြီဟုဆိုကြသူများလည်း ရှိနေပြန်သည်။

**မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်း**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်မှုကို အမြန်ဆုံးသိရှိအောင်ဆောင်ရွက်ပြီး မီးလောင်နေသည့်နေရာသို့ အမြန်ဆုံးရောက်ရှိအောင် သွားရောက်ကာ မီးကို အမြန်ဆုံးငြိမ်းသတ်နိုင်အောင် ဆောင်ရွက်ကြရသည်။ ထိုသို့ အချိန်မီသိရှိ၍ ငြိမ်းသတ်နိုင်စေရန်အတွက် "လူ၊ ယာဉ်၊ စက်သုံးဆီနှင့် ရေ" တို့ကို အသင့်ပြင်ဆင်ထားကြရသည်။ အလှူရှင်နိုင်ငံများက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို မီးသတ်ယာဉ်နှင့်စက်ပစ္စည်းများ လှူဒါန်းလာသည့်အတွက် များစွာပီတိဖြစ်ရပါသည်။ ထိုအထောက်အကူပစ္စည်းများသည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် များစွာအသုံးတည့်လျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အတွက် မီးသတ်စခန်းများ၊ ခေတ်မီမီးသတ်ယာဉ်၊ မီးသတ်စက်နှင့်အထောက်အကူပစ္စည်းများ ဝယ်ယူဖြည့်တင်းပေးလျက်ရှိသည်။

လူသားတို့၏ပေါ့ဆမှုကြောင့် နှစ်စဉ် မီးလောင်ဆုံးရှုံးမှုတန်ဖိုးသည် လွန်စွာပင်များပြားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မီးလောင်မှု ၇၁၅၂ ကြိမ်ဖြစ်ပွားခဲ့သည်။ ထိုမီးလောင်မှုများကြောင့် ဆုံးရှုံးမှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၂၃၄၃၀ ခန့်ရှိခဲ့သည်။ လူများထိခိုက် ဆုံးရှုံးမှုလည်းရှိနိုင်ပါသည်။ ထိုမီးလောင်မှုကြောင့် ဘဝပျက်သွားသော မိသားစုများလည်း ရှိမည်ဖြစ်သည်။ အထူးသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် အသက်စွန့်လွှတ်ခဲ့ရသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များလည်းရှိနေမည်ဖြစ်သည်။

**အသက်စွန့်**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် လစာ၊ စရိတ်ခံစားခွင့်များနည်းပါးသော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အသက်ကိုပင် ပေးဆပ်လျက်ထမ်းဆောင်လျက်ရှိကြသည်။ မီးဘေးအန္တရာယ်အပြင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် အသက်စွန့်လွှတ်သွားရသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ထိုက်တန်သောစွမ်းဆောင်ရည်ဘွဲ့တံဆိပ်များ ပေးအပ်ခြင်းအပြင် ကျန်ရစ်ခဲ့သော မိသားစုဝင်များ၊ သား သမီးများကိုလည်း လုံလောက်သောထောက်ပံ့ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသင့်လှပါသည်။

ခြုံ၍တင်ပြရလျှင် နှစ်စဉ် မေလ ၅ ရက်နေ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သောကြောင့် ၂၀၁၇ ခုနှစ် မေလ ၅ ရက်နေ့တွင် (၇၁)နှစ်ပြည့်မြောက်ပြီဖြစ်သည်။ ထိုသို့ရှည်လျားလှသော သမိုင်းကြောင်းနှင့်အတူ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများကို အသက်ပေးလျက်ထမ်းဆောင်လျက်ရှိကြသည်။

**နှလုံးလှသူရဲကောင်းများ**

မီးငြိမ်းသတ်ရေးတာဝန်များအပြင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာများသို့လည်း ချက်ချင်းသွားရောက်ကာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် ဝါသနာ၊ စေတနာနှင့် အနစ်နာခံလိုစိတ်ပြည့်ဝသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြုထိုက်သည့် နှလုံးလှသူရဲကောင်းများဟု တင်စားရေးဖွဲ့လိုပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကိုထိုက်သင့်သောလစာနှင့် ခံစားခွင့်များ ချီးမြှင့်ပေးသင့်ပါသည်။

မည်သို့ပင်ဆိုစေကာမူ အနာဂတ်တွင် မြန်မာနိုင်ငံ၌ မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းလာစေရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်လေးရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကို ပိုမိုမြှင့်တင်ပေးနိုင်ပါရန် ရိုးသားစွာဆန္ဒပြုလိုက်ရပါသည်။ ။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# တရားရုံးများကို မထီမဲ့မြင်ပြုသည်ဆိုခြင်းမှာ

မောင်စာဂ

တရားရုံးများနှင့် တရားစီရင်ခြင်းလုပ်ငန်းရပ်များအပေါ် ဝေဖန်မှုများ၊ သုံးသပ်မှုများ ပြောဆိုရေးသားနေကြသည်ကို မကြာမကြာ ကြားနေရ၊ ဖတ်နေရသည်။ နှစ်ခြိုက်စရာတွေ့ရှိရသည်။ မနှစ်မြို့ဖွယ်ရာလည်း တွေ့ရှိရသည်။ နှစ်ခြိုက်စရာဆိုသည်မှာ အမှန်တကယ်ဖြစ်ပေါ်တွေ့ကြုံနေရသည့်အချက်အလက်များအပေါ် အပြုသဘောအသွင်ဆောင်ကာ စေတနာဖြင့် ဝေဖန်သုံးသပ်ပြောဆိုရေးသားနေကြသည်ကိုတွေ့ရ၍ဖြစ်သည်။ မနှစ်မြို့ဖွယ်ရာဆိုသည်ကား အခြေအမြစ် တစ်စုံတစ်ရာ ခိုင်ခိုင်မာမာမရှိ၊ တစ်ဆင့်ကြား ကောလာဟလစကားများကိုအခြေခံကာ မုန်းတီးသောစိတ်ထားများဖြင့် ဝေဖန်သုံးသပ် ပြောဆိုရေးသားနေကြခြင်းဖြစ်သည်။

တရားစီရင်ရေးဟူသည် နိုင်ငံတော်၏အချုပ်အခြာမဏ္ဍိုင်သုံးရပ်တွင် မဏ္ဍိုင်တစ်ရပ်အဖြစ် ပါဝင်ရပ်တည်လျက်ရှိသည်။ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် မိမိတို့၏ လုပ်ငန်းဆောင်တာများကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရသည်။ အချင်းချင်းလည်း အပြန်အလှန်ထိန်းကျောင်းရသည်။ ဤတွင် စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုအပ်သော စာနယ်ဇင်း၊ သတင်းမီဒီယာများမဏ္ဍိုင်၊ တစ်နည်း ပြည်သူ့မဏ္ဍိုင်ကလည်း မပါလျှင်မဖြစ် ပါဝင်လာရသည်။ တရားစီရင်ရေးမဏ္ဍိုင်ကို အခြားသောမဏ္ဍိုင်များက ထိန်းကျောင်းပေးခြင်းရှိရသကဲ့သို့ အခြားသောမဏ္ဍိုင်များကိုလည်း တရားစီရင်ရေးမဏ္ဍိုင်က အပြန်အလှန် ထိန်းကျောင်းပေးခြင်းမျိုးရှိရသည်။ ဤသည်မှာ ဒီမိုကရေစီစနစ်၏ အခြေခံအနှစ်သာရမူတစ်ရပ်ဖြစ်သည်။

တရားစီရင်ရေးမဏ္ဍိုင်ကို ထိန်းကျောင်းခြင်းပြုရာတွင် တရားရုံးများကို မထီမဲ့မြင်ပြုခြင်းမျိုး မဖြစ်ဖို့လိုအပ်သည်။ ဤအချက်မှာ အရေးကြီးသည်။ ဤအချက်ကို သိရှိထားဖို့ကောင်းသည်။ သေသေချာချာနားလည်သဘောပေါက်ထားကြဖို့လိုသည်။ ဤသို့တွေးထင်မိသဖြင့် တရားရုံးများကို မထီမဲ့မြင်ပြုခြင်းနှင့်စပ်လျဉ်း၍ လေ့လာထားမိသမျှ ထုတ်ဖော်ရေးသားပါရစေ။

### တရားရုံးများဆိုသည်မှာ

တရားရုံးများဆိုသည်ကို ရှေးဦးစွာသိရှိဖို့လိုသည်။ တရားရုံးများဟုဆိုရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်ထားသော အခြားတရားရုံးများကို ဆိုလိုသည်။ ထို့ပြင် စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့လည်း ပါဝင်သည်။

### မထီမဲ့မြင်ပြုမှုဆိုသည်မှာ

တရားရုံးများကို မထီမဲ့မြင်ပြုမှုဆိုသည်မှာ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

### တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုဟူသည်

တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုဟူသည် တရားရုံးတစ်ရုံးကချမှတ်သော စီရင်ချက်ကိုဖြစ်စေ၊ ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ ညွှန်ကြားချက်ကိုဖြစ်စေ၊ ထုတ်ဆင့်သောဆင့်စာကိုဖြစ်စေ သက်ဆိုင်သူတို့က လိုက်နာကြရပါမည်။ တမင်သက်သက်လိုက်နာခြင်းမပြုခဲ့သော် တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုကိုကျူးလွန်ရာရောက်သည်။

### ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုဟူသည်

ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကိုပြောရလျှင် အကြောင်းအရာပိုင်းနှင့် လုပ်ဆောင်မှုအပိုင်းဟူ၍ နှစ်ပိုင်းခွဲခြား၍ ပြောလိုသည်။

### အကြောင်းအရာပိုင်း

အကြောင်းအရာပိုင်းအနေဖြင့် အောက်ပါအတိုင်း အပြုအမူလေးချက်ရှိသည် -

(က) တရားရုံး၏ဥပဒေအရအပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း သို့မဟုတ် သေးသိမ်ရန်ဖြစ်တန်စေခြင်း၊

(ခ) တရားစီရင်သောမှုခင်းကိစ္စတွင် ဖြောင့်မှန်စွာဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(ဂ) မှန်ကန်လွတ်လပ်စွာတရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်မှု၊ ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(ဃ) တရားရုံးကဆုံးဖြတ်ရန်ရှိသောအချက်များကို တစ်စုံတစ်ရာအဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

### လုပ်ဆောင်မှုအပိုင်း

အထက်ဖော်ပြပါ အပြုအမူလေးခုအနက် အပြုအမူတစ်ခုခုကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ -

(က) တမင်ထုတ်ဖော်ကြေညာခြင်းမလုပ်ဆောင်ရပါ၊ (သို့မဟုတ်)

(ခ) သတင်းအဖြစ်ရေးသားဖော်ပြခြင်းမလုပ်ဆောင်ရပါ၊ (သို့မဟုတ်)

(ဂ) ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းမလုပ်ဆောင်ရပါ။

လုပ်ဆောင်ခဲ့သော် ပြစ်မှုဆိုင်ရာမထီမဲ့မြင်မှုကို ကျူးလွန်ရာရောက်သည်။ အကယ်၍ လုပ်ဆောင်ချက်သည် အထက်ဖော်ပြပါအပြုအမူလေးချက်အနက် တစ်ချက်ချက်တွင် အကျုံးဝင်ခြင်းမရှိပါက ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုကို ကျူးလွန်ရာမရောက်ပါ။

### မည်သို့သောပြစ်ဒဏ်မျိုးချမှတ်နိုင်ပါသနည်း

တရားရုံးကို တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်ကြောင်းဖြင့် ပြစ်မှုထင်ရှားတွေ့ရှိလျှင် ထိုသူသည် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ကိုချမှတ်ခြင်းခံရပါမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှုမရှိဟု ထင်မြင်ပါက သုံးလထက်မပိုသော တရားမထောင်ဒဏ် ချမှတ်ခြင်းကို ခံရနိုင်သည်။

တရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိလျှင် ထိုသူသည် ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရပါမည်။

> **မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် မိမိတို့၏ လုပ်ငန်းဆောင်တာများကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရသည်။ အချင်းချင်းလည်း အပြန်အလှန် ထိန်းကျောင်းရသည်။ ဤတွင် စတုတ္ထမဏ္ဍိုင်ဟုခေါ် ဆိုအပ်သော စာနယ်ဇင်း၊ သတင်းမီဒီယာများမဏ္ဍိုင်၊ တစ်နည်းပြည်သူ့မဏ္ဍိုင်ကလည်း မပါလျှင်မဖြစ် . . .**
>
> **တရားစီရင်ရေးမဏ္ဍိုင်ကို အခြားသောမဏ္ဍိုင်များက ထိန်းကျောင်းပေးခြင်းရှိရသကဲ့သို့ အခြားသောမဏ္ဍိုင်များကိုလည်း တရားစီရင်ရေးမဏ္ဍိုင်က . . .**

အကယ်၍ ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု ကျူးလွန်သူကဖြစ်စေ၊ တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှု ကျူးလွန်သူကဖြစ်စေ မိမိကျူးလွန်ခဲ့သည့်အကြောင်းနှင့်စပ်လျဉ်း၍ တရားလွှတ်တော်သို့ ကျေနပ်လောက်အောင် ဝန်ချတောင်းပန်ခဲ့သော် ထိုသူအား သတိပေးပြီးအပြစ်မှလွှတ်နိုင်သည်။ သို့မဟုတ် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

### တစ်နှစ်ထက်ကျော်ကတရားစွဲဆို၍မရတော့ပါ

တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း အမှုကိုစွဲဆိုရမည်။ ယင်းသို့ သတ်မှတ်ထားသောကာလထက်ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်းမပြုရပါ။

### မည်သို့ထိန်းကျောင်းရပါမည်နည်း

တရားရုံးများကို မထီမဲ့မြင်ပြုမှု၊ ပြောဆို၊ ရေးသား၊ ပုံနှိပ်၊ ဖြန့်ချိခြင်းများပြုလုပ်က ပြစ်မှုကြောင်း၊ သို့မဟုတ် တရားမကြောင်းဖြင့် တရားစွဲဆိုပြစ်ဒဏ်များ ချမှတ်ခံရမည်ကို ပြောခဲ့ပြီးပြီ။ တရားရုံးများအပေါ် ပြောဆိုရေးသား၊ ထုတ်ဖော်ခြင်းများနှင့်ပတ်သက်၍ ပြစ်မှုကြောင်း၊ တရားမကြောင်းမမြောက်သည့် လုပ်ဆောင်ချက်များလည်းရှိပါသည်။

ဤလုပ်ဆောင်ချက်များသည် တရားရုံးများကို မထီမဲ့မြင်ပြုမှုမမြောက်စေပါ။

(က) ဆောင်ရွက်ဆဲတရားစီရင်သော မှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားသင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ်ရေးသားဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေပါ။

(ခ) စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သောမှုခင်းတစ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာသုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေပါ။

(ဂ) အများပြည်သူဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ဆောင်ရွက်သည့် တရားစီရင်သော မှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှု မမြောက်စေပါ။

ဤလုပ်ဆောင်ချက်များသည် တရားရုံးများကို အသရေဖျက်မှုမမြောက်စေပါ။

(က) တရားရုံးတစ်ရုံး၏ မှုခင်းဆောင်ရွက်ချက်များကိုဖြစ်စေ၊ မှုခင်းဆောင်ရွက်ပြီးပြတ်ပုံကိုဖြစ်စေ အရေးပါသောအချက်အလက်များ၌ မှန်ကန်စွာကြေညာခြင်းသည် တရားရုံးကို အသရေဖျက်မှုမမြောက်စေပါ။

(ခ) တရားရုံးကစီရင်ဆုံးဖြတ်ပြီးသော တရားမမှု သို့မဟုတ် ရာဇဝတ်မှု၏ အရည်အသွေးနှင့်စပ်လျဉ်း၍ သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်းသည် တရားရုံးကို အသရေဖျက်မှုမမြောက်စေပါ။

### ရှောင်သင့်တာရှောင်၍ ဆောင်သင့်တာဆောင်ကြစို့

ယခုဖော်ပြချက်များသည် အကျဉ်းမျှသာဖြစ်သည်။ သို့သော် ဤသည်တို့ကို ဖတ်ရှုလေ့လာခြင်းအားဖြင့် တရားရုံးများအပေါ် မပြုမူ မပြောဆို မလုပ်ဆောင်အပ်သည့် ရှောင်ရန်အချက်များ၊ ပြုမူပြောဆိုလုပ်ဆောင်အပ်သည့် ဆောင်ရန်အချက်များကို ထင်ဟပ်ပေါ်လွင်စွာ မြင်တွေ့ကြရပေမည်ဟု ယုံကြည်မိသည်။

တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် မှန်ကန်တည့်မတ်နေစေဖို့ အားလုံးက မြင်တွေ့လိုကြမည်သာဖြစ်သည်။ ထိုသို့ဖြစ်နေစေဖို့ တာဝန်ရှိသူတို့ အပြန်အလှန်ထိန်းကျောင်းမှုပြုကြရမည်။ တာဝန်ရှိသူတို့ဆိုရာတွင် တရားရုံးများ၊ တရားစွဲအဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်များ၊ ပတ်သက်ဆက်စပ်သည့် အုပ်ချုပ်ရေးအဖွဲ့များ၊ သတင်းမီဒီယာများသာမက ပြည်သူအားလုံးပါဝင်သည်။

ထိန်းကျောင်းမှုပြုကြရာတွင် ရှောင်သင့်သည်များရှောင်၍ ဆောင်သင့်သည်များ ဆောင်ကြရပါမည်။ ရှောင်သင့်၊ ဆောင်သင့်၊ ပြုသင့်၊ မပြုသင့်ဆိုသည်မှာလည်း အထက်တွင် ဖော်ပြပါဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များကို မှန်မှန်ကန်ကန်သိရှိနားလည်ပြီး လေးလေးစားစား လိုက်နာကျင့်သုံးမှုပေါ် မူတည်သည်။

ရှောင်သင့်သည်များကို ဖယ်ရှားကာ ဆောင်သင့်သည်များကိုဆောင်၍ ဆောင်ရမည့်နည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို ထိန်းကျောင်းသွားနိုင်ကြမှသာ အကျိုးရှိသောရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်မိသည်။


တရားရုံးများနှင့် တရားစီရင်ခြင်းလုပ်ငန်းများအပေါ် ဝေဖန်သုံးသပ်မှုများ ပြုကြမည်ဆိုလျှင် -

ရှောင်သင့်တာရှောင်၍ ဆောင်သင့်တာဆောင်နိုင်ကြပါစေ။

လောကအကျိုး၊ အများအကျိုးအတွက် အပြုသဘောအမြင်ဖြင့် ဝေဖန်သုံးသပ်မှုများ ပြုနိုင်ကြပါစေ။

**ကိုးကားအညွှန်း – တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ။**
**– ရာဇသတ်ကြီးဥပဒေပုဒ် ၅၀၀**

## အဘိဓမ္မာညဝါအမြန်သင်တန်း



ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊သုခလမ်းတွင် **အဘွားလေးဒေါ်ဓမ္မေသီ** တည်ထောင်ခဲ့ပြီး ဒေါက်တာဒေါ်ပညာသိရီ (သာသနဓဇ ဓမ္မာစရိယ၊ Ph.D ၊ သဒ္ဓမ္မဇောတိကဓဇ) ပြည်တွင်း၊ ပြည်ပ သာသနာပြုအားပေး ထောက်ပံ့လှူဒါန်းလျက်ရှိသော သဗ္ဗညုပုထိုးတော်ကြီး ဓမ္မေသကသီလရှင် စာသင်တိုက်တွင် နယ်လှည့်ယမိုက်-ပဋ္ဌာန်း အမြန်သင်တန်းနည်းပြ အရှင်နန္ဒာစရိယက စာချပွဲစဉ်အမှတ် (၁၀၆) အဖြစ် ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁) ရက် (၂၁-၅-၂၀၁၇)ရက်နေ့ နံနက်(၇)နာရီ မှ စ၍ (၄၅)ရက်တိုင်တိုင် အဆင့်မြင့် ပရိဂျက်တာစက်ဖြင့် ပါဝါပွိုင့်ကို သုံးပြီးအမြန်နှုန်း သင်ပြပေးမည်ဖြစ်ရာ စာသင်စာချ သီလရှင်များ၊ လူပုဂ္ဂိုလ်များ စာရင်းပေးသွင်း တက်ရောက် လေ့လာ သင်ယူနိုင်ပါသည်။

ဆက်သွယ်ရန် - ဒေါက်တာဒေါ်ပညာသိရီ - ၀၉-၇၉၉၆၆၈၂၂၀၊ ၀၉-၄၅၀၀၄၆၂၉၀

## ငွေလှရတနာ အဘိဓမ္မာသင်တန်း ဓမ္မဒါနဖွင့်မည်

သင်တန်းမှူး၊ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး(လူမှုထူးချွန်)နှင့် ဆရာ/မများက အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့တိုင်း အဘိဓမ္မာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် ဘာသာရပ်များကို ဓမ္မဒါနသင်ကြားပို့ချပေးပါမည်။

အဘိဓမ္မာကို အနှစ်ချုပ်ထုတ်လိုက်ရင် ကောင်းကျိုးစွမ်းအားကို ပေးနိုင်တဲ့ အမြဲဆောင်ထားရမယ့်(ကောင်းမှုကုသိုလ်)တရား၊ မကောင်းကျိုးကို ပေးတတ်တဲ့ အမြဲစွန့်ခွာရှောင်ကြဉ်ရမယ့် (မကောင်းမှု အကုသိုလ်)တရား၊ ထိုနှစ်မျိုးနှင့် ဆက်စပ်နေတဲ့ ရုပ်နာမ် (အဗျာကတ)တရား ၃-မျိုးပါပဲ။ အဘိဓမ္မာမှာ ကုသိုလ်/အကုသိုလ်၊ လုပ်ပိုင်ခွင့် ကမ္မနှင့် ခံစားခွင့် ဝိပါကတို့ကို နှိုင်းယှဉ်ခွဲခြားပြထားပါတယ်။ အသိမှန် အလုပ်မှန် ခံစားခွင့်ပြည့်ဝစုံလင် ကောင်းမွန်မှန်ကန်နိုင်စေရန်အတွက် စိတ်၊ စေတသိက် ရုပ် တရားတွေရဲ့ ကြောင်းကျိုး ဆက်စပ်ပုံ၊ အဆိုးကိုရှင်း အကောင်းသွင်းလို့ ပြုပြင်ပုံ၊ နာမ်နှင့်ရုပ်တို့ ဆက်စပ်နေပုံ၊ အဆင့်ဆင့်မြင့်ပြီး ကျင့်သုံးပုံ၊ အကျင့်မှန်ကန်မြင့်မားသလောက် လွတ်ငြိမ်းချမ်းသာရပုံတွေကို အတိအကျညွှန်ပြထားပါတယ်။ နက်နဲသော ထိုတရားများကို ရခဲလှစွာသော လူ့ဘုံ၊ လူ့ဘဝမှာ တစ်ခါလောက်တော့ဖြင့် လေ့လာသင်ယူဖို့ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စတင်ဖွင့်မည့် နေ့ရက်** - ၂၀၁၇ခုနှစ်၊ မေလ ၆ရက် (စနေနေ့)
**အချိန်** - နံနက် ၉ နာရီမှ ၁၁နာရီထိ
**သင်တန်းနေရာ** - ဓမ္မရံသီ ဓမ္မာရုံ၊ (၁၅)လမ်း(အထက်ဘလောက်)၊ သွင် ရုပ်ရှင်ရုံအနီး။
**စာရင်းပေးသွင်းရန်** - ၀၉-၇၉၅၄၁၅၂၃၂၊ ၀၉-၄၂၁၀၀၅၆၅၇၊ ၀၉-၂၆၁၃၄၆၁၅၄၉
**(အပတ်စဉ် စနေနေ့၊ နံနက် ၉နာရီမှ ၁၁နာရီထိ နှင့် တနင်္ဂနွေနေ့ မွန်းတည့် ၁၂နာရီမှ ၄း၃၀နာရီထိ)**

ဒေါ်ခင်မာရွှေ (B.Med.Tech)
၉တန်း၊ ၁၀တန်း (Special Guide)
ဘာသာစုံအိမ်လိုက်သင်သည်၊
မေးခွန်းဟောင်းများ အထူး
လေ့ကျင့်ပေးသည်။
Ph:09-5159730,376849

**Travel Mate Myanmar** Travels & Tours
အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း (လိုင်စင်အမှတ် - ခ - ၃၅၅၂)
ထူးခြားပျော်ရွှင် ကဆုန်လပြည့်ခရီးစဉ်
ဘားအံ - ဇွဲကပင်ခရီးစဉ် May 9 နေ့ထွက်မည်၊
မော်လမြိုင် - ကျိုက်ထီး - စက်စဲကမ်းခြေခရီးစဉ်
09450 200 522 , 09450 200 533 , 09450 200 544

MPT
ရှေ့သို့လှမ်း၍မြန်မာပြည်




သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး
အပိုဆု
ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | — — — | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| EVERY 10,000 Ks | 420 MB | 800 MB |

MPT ၏ ဆွေသဟာ (သို့မဟုတ်) ရှယ်ပြော အစီအစဉ်ရယူထားသော
Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

## Think in English

အမှတ် ၃ ဦးဝိစာရလမ်း၊ ရေကျော် (ရွှေဘုန်းပွင့်ဘုရားအနီး) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
09 425026102 info@thinkinenglish.co
**Pre-University Communication Skills**
မေလ (၉) ရက်နေ့ ဖွင့်မည်။
- သင်ခန်းစာများကို အရည်အချင်းပြည့်ဝသော နိုင်ငံခြားသား ဆရာများသာသင်ကြားမည်
- စကားပြော စွမ်းရည်နှင့် ကိုယ်ထိုင်တွေးခေါ် ပြောဆို နိုင်စွမ်းရှိစေရမည်
- ကိုယ့်ကိုယ်ကိုယ် ပိုမိုယုံကြည်မှုရှိလာပြီး အင်္ဂလိပ်စာကိုပျော်ရွှင်စွာလေ့လာနိုင်ရမည်

ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှကြီးမှူး၍
မျက်စိခွဲစိတ်ရန်လိုအပ်သော ချို့တဲ့သူ လူမျိုး၊ ဘာသာမရွေးအား
အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။

နေရာ ➢ မေတ္တာဆေးခန်း (အဖွားများသုခရိပ်သာ)
အမှတ် ၁၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။
အချိန် ➢ အပတ်စဉ်သောကြာနေ့ ၂း၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။
ဖုန်း ➢ ၅၇၇၄၇၇၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၅၄၂၅၉၀

၁၈-ကြိမ်မြောက်
**ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ**
Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware
**ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ**
Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business
၁၈-ကြိမ်မြောက်
**ပညာဒါန အခမဲ့ စက်ချုပ်/မော်တာစက်ချုပ်သင်တန်းများ**
၁-၆-၂၀၁၇ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။
**သင်တန်းတည်နေရာ**
ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှဦးစီးသော
**အဖွားများသုခရိပ်သာ**
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၇၊ ၈၅၅၁၀၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊
၀၉ ၇၉၇၅၄၂၅၉၀၊ ၀၉ ၇၉၇၅၄၂၅၉၁၊


LIMITED LAKEVIEW UNITS ON PROMOTION NOW!
CALL NOW!
THE CENTRAL
WHERE THE FINEST MEETS
At the Corner of Kabar Aye Pagoda Road and Kanbe Road,
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.
ကမ္ဘာ့အေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။
Mi Casa Hotel
THE CENTRAL
INYA LAKE
KABAR AYE PAGODA ROAD
KANBE ROAD
Information Center
MIC Office
Mya Kyun Thar Golf Driving Range
Sedona Hotel & Extension
Myanmar Plaza
ENQUIRY HOTLINE
+95 9777 773 770
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
www.thecentral.com.mm
INFORMATION CENTER ADDRESS
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)
အရေအတွက်ကန့်သတ်ထားသော
ကန်ရှုခင်းအား မြင်တွေ့နိုင်မည့် အခန်းများ
အထူးလျှော့ဈေး!
အခု ဖုန်းခေါ်ဆိုလိုက်ပါ!







အရည်အသွေး မြင့် အရည်အသွေး
ဒဂုံမြို့သစ်
အရှေ့ပိုင်း/ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
Ph : 09 451126703
09 780985495

ခြံရောင်းမည် ။
၆၀ပေ × ၁၀၀ပေ
ရွှေဘုန်းပွင့်ဘုရားလမ်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
Ph: 09795408602,
09258320018

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန
DMA အသိအမှတ်ပြု
M.S.C Training Centre
နိုင်ငံခြား သင်္ဘောသား
Ship's Cook Course
Ship's Cook Upgrade Course
General Steward G/S Course
Crowd Management Course
ရေယာဉ်စားဖိုမှူး နှင့် စားပွဲထိုးသင်တန်း
ပညာအရည်အချင်းအနည်းဆုံး(၈)တန်းအောင်
၄၃ - ဒေါပုံသင်္ဘောကျင်းလမ်းမကြီး ၊
ဒေါပုံမြို့နယ် ရန်ကုန်မြို့။
09 540 2 550 09 430 64421

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
( မြို့တွင်း / နယ်ဝေး )
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

မဟာရန်ကုန်
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို
ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

မူးယစ်ဆေးဝါးဆန့်ကျင် အောင်ပွဲဆင်



ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London) ဒေါ်သန္တာထွန်း B.Sc (Physics)
ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
## မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း
အထူးအဆင့်မြင့် စာသင်ဝိုင်း (၁၀ တန်း)

မေလ ၄ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက ၁၃/၀၂/၀၉၃

**၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ**

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၇၉၈၀၃၆၃၈၈၇၊ ၀၉ ၉၆၃၇၃၅၄၅၁

**ကျောင်းပုံစံနှင့် ပြင်ဆင်မှု**

- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း၊ ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း၊ ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။ စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

**သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ**

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။
- စေတနာနှင့် ဝါသနာတို့ကိုအရင်းခံပြီး အင်္ဂလိပ်စာ (4 skills)၊ ပန်းချီပညာ၊ မြန်မာ့ရိုးရာသိုင်းပညာတို့ကို ထပ်ဆောင်း၍ သင်ကြားပေးခြင်းများ ပါဝင်မည် ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည် အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

**ကျောင်းချိန်နှင့် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်**

- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ။
- **အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း** များအတွက် **Study Guide** အချိန်များ ရှိပါသည်။
(Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)
- အစိုးရကျောင်းများတွင် တက်ရောက်နေသော **ဒသမတန်း** များအတွက် **အထူးအဆင့်မြင့် စာသင်ဝိုင်း** ရှိပါသည်၊
[အထူးအဆင့်မြင့် စာသင်ဝိုင်းကို - တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ (၄) နာရီမှ ည (၇) နာရီအထိနှင့် စနေနေ့ နံနက် (၇း၃၀) နာရီမှ နေ့လယ် (၁၂း၀၀) နာရီအထိ (တစ်ပတ်လျှင် ၆ ရက်) သင်ကြားပေးသွားပါမည်။]
**မှတ်ချက်။** ။နေ့ကျောင်း (သို့မဟုတ်) နေ့ကျောင်း + Study Guide (သို့မဟုတ်) ဒသမတန်း အဆင့်မြင့်စာသင်ဝိုင်း ကြိုက်နှစ်သက်ရာ ရွေးချယ်တက်ရောက်နိုင်ပါသည်။

လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။




မှခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ကြပြီး မှုခင်းအသိပညာရရှိစေဖို့
**မှုခင်း**
အမှတ်စဉ် ( L/10 ) ယနေ့ထွက်ပြီ
ရှုထောင့်ဂျာနယ် ဖတ်ကြစို့
Ph-01-397164, 01-9000017

★ပြောဆိုဆုံးမ မရတဲ့သားကြောင့် လူဝတ်လဲကာ အမှုရင်ဆိုင်ရတော့မယ့် ဖခင်တစ်ဦးရဲ့ဖြစ်ရပ် ★ရေဘူးတွေကိုဓားနဲ့ခုတ်သူကို ရဲတင်းနဲ့ခုတ်သတ်ခဲ့တဲ့ဖြစ်ရပ် ★အရက်အတူသောက်ပြီး စကားများရာက လူသတ်မှုဖြစ် ★အဒေါ်နဲ့တူမစကားများကြရာမှ အပြန်အလှန်ရိုက်ကြရင်း လူသတ်မှုဖြစ်ရပြီ ★အနိုင်ကျင့်ဆက်ဆံတဲ့အလုပ်ရှင်ကို ဒေါသအလျှောက် ဓားနဲ့ထိုးသတ်ခဲ့တဲ့ အလုပ်သမား ★ညီဖြစ်သူကို ဓားနဲ့ထိုးသတ်ခဲ့တဲ့အစ်ကို ★ဖနီးကိုတုဖြင့် ဦးခေါင်းအားထုရိုက်သတ်ခဲ့တဲ့ ယောက်ျား ★အငှားယာဉ်ဖြင့် လုယက်မှု ခါးပိုက်နှိုက်မှု အကြိမ်ကြိမ်ကျူးလွန်သူများကို ဖမ်းမိ ★စိတ်ဝေဒနာရှင်ကို သားမယားအဖြစ်ပြုကျင့်သူဖမ်းမိ ★ ဝါးခုတ်ဓားမယူပြီးထွက်သွားသူ သေဆုံးနေတဲ့ဖြစ်ရပ် ★ တဲနီးချင်းနေသူက (၈) နှစ်အရွယ်မိန်းကလေးငယ်ကို အဓမ္မပြုကျင့်မှုဖြစ်ပွား ★ မကျေနပ်မှုကို ရဲတင်းနဲ့အဆုံးသတ်လိုက်တဲ့ဖြစ်ရပ် ★ လူကိုတိုင်ကာမောင်းပြေးသွားတဲ့ကား..စတဲ့သတင်းများနှင့်အတူ....ကဏ္ဍစုံပင်တွာ ဖတ်ရှုရမည်။

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း**၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ပါကြောင်း**

မြန်မာနိုင်ငံမှုခင်းသတင်းထောက်များအသင်းကို ဖွဲ့စည်းတည်ထောင်ခွင့်အမှတ် (ပြည်တွင်း-၀၂၇၆) ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော လူမှုရေးအသင်းအဖွဲ့ကြီးတစ်ခုဖြစ်ပြီး (၁) မှုခင်းအခက်အခဲပြဿနာကြုံတွေ့နေရသော ပြည်သူများကို အခမဲ့ကူညီရန် (၂) လုံခြုံရေးအဖွဲ့အစည်းများ၏ အရန်အင်အားအဖြစ် ကူညီဆောင်ရွက်ရန် (၃) မှုခင်းအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးနှင့် မှုခင်းအသိပညာပေးရေးကိစ္စများကို ရဲတပ်ဖွဲ့အပါအဝင် ပြည်သူများနှင့်လက်တွဲ၍ဆောင်ရွက်ရန် (၄) ကောလဟာလသတင်းအမှားများ။ မမှန်သတင်းများကို သတင်းအမှန်ဖြစ်အောင်ကူညီဖြေရှင်းတင်ပြပေးရန် (၅) ပြည်သူ့အကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော အသင်းကြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသင်းဝင် မှုခင်းရှုထောင့်ဂျာနယ်၏ သတင်းထောက်များအနေဖြင့် (၁) ဥပဒေနှင့်အညီဆောင်ရွက်ကြပါရန် (၂) သတင်း မီဒီယာကျင့်ဝတ် စည်းကမ်းများကိုလိုက်နာဆောင်ရွက်ကြရန် (၃) အသင်းဝင်ကတ်ပြား/သတင်းထောက်ကတ်ပြားထုတ်ပေးခြင်းသည် သတင်းရယူစုဆောင်းရန်နှင့် ပြည်သူ့အကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရန် ထုတ်ပေးထားခြင်းဖြစ်ပါ သဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ရပ်များပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ပြီး အသင်းဝင်/သတင်းထောက်အဖြစ်မှလည်း ချက်ချင်းထုတ်ပယ် သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံမှုခင်းသတင်းထောက်များအသင်း
ဖုန်း - ၀၉ - ၇၆၁၆၁၀၀၄၄၆

# ကြော်ငြာ

**ဧည့်ခရီးမင်း** 09-444450446, 09-444450558
09-250144709 (အပတ်စဉ်–သောကြာ)

- မန္တလေး၊ ပြင်ဦးလွင်၊ ဂု–မိုင်ကမ်းခြေ (၃)ရက်။ စစ်ကိုင်း၊ မုံရွာ ပါ (၄)ရက်။
